


# အသွင်ကွဲမိုးဖဲ

စိုးဘားနိုင်

mgyoe.com

mgyoe.com



အသွင်ကွဲပိုးဖလံလုံးချင်းသည်
မည်သည့်ပိုးဖလံတစ်ကောင်ကိုမျှ
ရည်ရွယ်ရေးသားထားခြင်း မဟုတ်မှုဘဲ
ပိုးဖလံတစ်ကောင်တလေနှင့် တူညီတိုက်ဆိုင်နေပါကလည်း
ထိုပိုးဖလံနှင့် တိုက်ဆိုင်သွားခြင်းသာဖြစ်ကြောင်း . . .
စာရေးသူက အမှာစကား ဆိုထားသည်။

ဤလုံးချင်းစာအုပ်ငယ်သည်
စာရေးသူကို မကြာခဏ လာလာချောင်းကြည့်နေကြသော
စိန်ခေါ်မှုများနှင့် ဖိစီးမှုများကို တွန်းလှန်ရန်
စာရေးသူကိုယ်တိုင်
အားဖြည့်ပြင်ဆင်သည့်အနေဖြင့်
ဖန်တီးကြည့်လိုက်သော
ပိုးဖလံတစ်ကောင်၏ အကြောင်းပင်။

NW0132
1,800.00 KS

mgyoe.com

အသွင်ကွဲပိုးဖလံ၊ စိုးဘားနိုင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၅၄+ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

•

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## အသွင်ကွဲပိုးဖလံ အကြိုစကား

အသွင်ကွဲပိုးဖလံလုံးချင်းသည် မည်သည့်ပိုးဖလံတစ်ကောင်ကိုမျှ ရည်ရွယ်ရေးသားထားခြင်း မဟုတ်ပါ။ ပိုးဖလံတစ်ကောင်တလေနှင့် တူညီတိုက်ဆိုင်နေပါက ထိုပိုးဖလံနှင့် တိုက်ဆိုင်သွားခြင်းသာဖြစ်ကြောင်း သိစေအပ်ပါသည်။

အသွင်ကွဲ ပိုးဖလံလုံးချင်းသည် ပိုးဖလံတစ်ကောင်၏ သဘာဝကို တိတိကျကျ ကူးယူရေးသားထားခြင်း မဟုတ်ပါ။ ပိုးဖလံနှင့် မတူခြင်းအတွက် ထိုသို့မတူခြင်းသည် တိုက်ဆိုင်မှုမဟုတ်ဘဲ ကျွန်တော် ဖန်တီးထားသော ပိုးဖလံတစ်ကောင်အဖြစ်သာ မှတ်ယူကာ ထိုသို့ မတိုက်ဆိုင်ခြင်းသည်လည်း မည်သည့်ပိုးဖလံနှင့်မျှ မသက်ဆိုင်ပါကြောင်း သိစေအပ်ပါသည်။

အသွင်ကွဲပိုးဖလံသည် ကျွန်တော့်ကို မကြာခဏလာလာချောင်းကြည့်နေကြသော စိန်ခေါ်မှုများနှင့် ဖိစီးမှုများ

mgyoe.com

mgyoe.com



ကို တွန်းလှန်ရန် ကျွန်တော့်ကိုယ်ကျွန်တော် အားဖြည့်ပြင်ဆင်သည့်အနေဖြင့် ဖန်တီးကြည့်လိုက်သော ပိုးဖလံတစ်ကောင်ဟုတော့ ဆိုနိုင်ပါသည်။ သို့ဖြစ်ပါ၍ အသွင်ကွဲပိုးဖလံ လုံးချင်းအား အသွင်ကွဲပိုးဖလံ လုံးချင်းသက်သက်အဖြစ်သာ မှတ်ယူစေလိုပါသည်။ အသွင်ကွဲပိုးဖလံလုံးချင်းနှင့် ပတ်သက်၍ ပရိသတ်လက်သို့အရောက် ပါဝင် ပတ်သက်သူအားလုံးကို ကျေးဇူးတင်ပါသည်။

အထူးသဖြင့် စာဖတ်ပရိသတ်အား အသွင်ကွဲပိုးဖလံကို ဖတ်ကြည့်ကြခြင်းအတွက် အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

စာဝင်းစာဖြင့် ဘဝမြှင့်နိုင်ကြပါစေ

စိုး ဘား ဒိုင်

mgyoe.com

mgyoe.com

## အသွင်ကွဲပိုးဖလံ ၁

ကိုယ့်တောင်ပံကိုယ်ကြည့်ပြီး ပိုးဖလံက သဘောကျနေသည်။ တောင်ပံတွေကို အသာအယာခတ်ကြည့်သည်။ တိုးဝှေ့လာသော လေနုအေးကလေးကို ကျေနပ်စွာ ခံယူလိုက်သည်။ တောင်ပံတွေကို အရှိန်မြှင့်တင်လိုက်တော့ ကိုယ်ကပါ ကြွတက်လာသည်။ ကြွတက်လာသောကိုယ်ကို ထိန်းရင်း ကိုယ်ကို လှုပ်ယမ်းကြည့်သည်။ ပျော်စရာကောင်းသော အတွေ့အကြုံက သူ့ကို စတင်စိန်ခေါ်လိုက်သည်ဟု သူ ခံစားရသည်။

ပျံကြည့်လိုက်စမ်းပါဟူသော အသံတစ်သံကို သူ ကြားလိုက်ရသည်ဟု ထင်သည်။ သို့သော် သူ့အနားတွင် ဘယ်သူမျှ ရှိမနေပေ။ သူ့စိတ်အာရုံကပဲ သူ့ကို လှုံ့ဆော်နေလေသလားဟု သူ တွေးသည်။ ထိုစိန်ခေါ်မှုကို သူ လက်ခံလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ တောင်ပံတွေထဲကို အားပိုထည့်လိုက်ပြီး သူ ခတ်လိုက်သည်။ ကိုယ်လုံးက ပိုကြွတက်လာပြီး လေထဲကိုထိုးတက်ဖို့ တကဲကဲဖြစ်နေသည်။ သူ ပိုအားစိုက်လိုက်ခြင်းနှင့်အတူ သူ့ကိုယ်လေထဲသို့ ထိုးတက်သွားသည်။

လေထဲတွင် ပရမ်းပတာဖြစ်နေသော သူ့ကိုယ်ကို တောင်ပံဖြင့်

mgyoe.com

mgyoe.com


ထိန်းဖို့ကြိုးစားသည်။ သူကြိုးစားလေ၊ သူ့ကိုယ်က ပရမ်းပတာဖြစ်လာလေ ဖြစ်နေသည်။ သူ ကြောက်ကြောက်လန့်လန့်ဖြင့် တောင်ပံကို အားစိုက်ခတ်လိုက်မိသည်။ ယိမ်းထိုးနေသောကိုယ်က လေထဲတွင် ဆောက်တည်ရာမရ လွင့်စဉ်လျက်ရှိနေသည်။ မြေကြီးပေါ်ကို ပြုတ်ကျသွားမည်စိုး၍ သူ ကြောက်လန့်တကြားဖြင့် တောင်ပံကို အားပြုကာထိန်းသည်။ တောင်ပံအားဖြင့် အရှိန်ပိုရလာကာ မြေကြီးပေါ်သို့ ထိုးဆင်းသွားတော့သည်။

မြေကြီးပေါ်ရောက်တော့လည်း သူ ထိန်းမရ သိမ်းမနိုင်ဖြင့် တလိမ့်ခေါက်ကွေး လွင့်သွားသည်။ သူ့တောင်ပံတွေ ကျိုးပဲ့သွားပြီလားဟု စိတ်ပူတကြီးဖြင့် သူ ကြည့်လိုက်သည်။ တောင်ပံတွေက သူ့ကိုယ်မှာ ကပ်နေသည်ကို တွေ့ရသည်။ ထိုတောင်ပံတွေကို ယခုလို သိမ်းလိုက်ခြင်း ရှိမရှိကို သူ မသိပေ။ သဘာဝအရပင် မသိစိတ်က အလိုအလျောက် သိမ်းလိုက်လေသလားဟု သူ တွေးသည်။ သူ ပျံသန်းကြည့်မည့် အစီအစဉ်ကို နည်းနည်းလန့်သွားသည်။ သူ ပျံသန်းကြည့်တာ အဆင်မပြေ၍ တောင်ပံတွေ ကျိုးပဲ့သွားလျှင် အခြားသောပိုးဖလံတွေလို လေထဲမှာ လွတ်လပ်ပျော်ရွှင်စွာ ပျံသန်းနိုင်သည့်အခွင့်အရေးကို ဆုံးရှုံးသွားနိုင်သည်။

ရဲရဲဝံ့ဝံ့ ပျံစမ်းပါဟူသော အသံကို ကြားလိုက်ရပြန်သည်။

"တောင်ပံဆိုတာ ပျံသန်းဖို့ပေးထားတာကွ၊ တောင်ပံရတုန်း ပျံလိုက်ပါ"

အသံက ပို၍ကျယ်လောင်လာသော်လည်း ဘယ်နေရာကနေ ဘယ်သူက ပြောနေသလဲဟု သူ ရှာဖွေ၍ မတွေ့ဘဲဖြစ်နေသည်။ တောင်ပံရတုန်း ပျံလိုက်ပါဟူသော အားပေးစကားကြောင့် အခြားပျံသန်းနေသော ပိုးဖလံတွေကိုကြည့်ကာ သူ အားကျလာသည်။

mgyoe.com

mgyoe.com



"ပျံကြည့်ထား၊ ညနေဆိုရင် ငါတို့တွေ မီးကြည့်ပွဲသွားကြမယ်... မင်း မပျံနိုင်ရင်တော့ မင်းပဲကျန်နေရစ်မှာပဲ၊ အခုကတည်းက လေ့ကျင့်ထား"

ပိုးဖလံက သူ့ကိုယ်ထဲကို သူ ပြန်ငုံ့ကြည့်လိုက်သည်။ သူ့ကိုယ်ထဲကလာသော အသံပဲဖြစ်လိမ့်မည်ဟု သူ တွေးမိသောကြောင့် ဖြစ်သည်။ တောင်ပံတွေကို သူ ကြည့်လိုက်သည်။ တောင်ပံတွေက သူပျံချင်လျှင် ပျံနိုင်ဖို့ အဆင်သင့် ရှိနေပုံရသည်။ တောင်ပံတွေကို သူခတ်ကြည့်လိုက်သည်။ စောစောကထက်ပို၍ ပေါ့ပါးသွားသလို သူ ခံစားရသည်။ တောင်ပံဆိုတာ ပျံသန်းဖို့ ပေးထားတာဟူသောအသံကို သူ ပြန်ကြားသည်။ တောင်ပံတွေကိုခတ်လိုက်ပြီး လေထဲကို နောက်တစ်ကြိမ်သူ ပျံတက်လိုက်သည်။ တောင်ပံနှစ်ဖက်ကို သူ စမ်းသပ်ထိန်းကျောင်းရင်း ထိန်းနည်းကို သူ သိသွားသည်။ လေထဲတွင် သူ ပျံနိုင်သွားလေပြီ။

"မင်း ပျံနိုင်သွားပြီမဟုတ်လား၊ မင်းသေချာလေ့ကျင့်ထား၊ မင်း လေ့ကျင့်ထားတာ ကောင်းလေလေ မီးအလှကို အနီးကပ်ကြည့်ဖို့ အခွင့်အလမ်းသာလေလေပဲ"

လေထဲတွင် ထောင်တက်သွားလိုက်၊ စိုက်ဆင်းသွားလိုက်၊ ဘယ်ဘက်ကို ယိမ်းဝိုက်ပျံလိုက်၊ ညာဘက်ကို ယိမ်းဝိုက်ပျံလိုက်ဖြင့် တောင်ပံရထားသော ပိုးဖလံသည် ကစားစရာကောင်းကောင်း ရထားသော ကလေးတစ်ယောက်လို ပျော်ရွှင်စွာဖြင့် စမ်းသပ်ပျံသန်းလျက်ရှိသည်။ သူ့လိုပင် ပျံသန်းကြည့်နေသော ပိုးဖလံတွေကိုလည်း တွေ့ရသည်။

"ငါတို့ အတူပျံကြမလား"

"ပျံကြမယ်လေ၊ ဒါပေမဲ့ မတိုက်မိအောင် သတိထားရမယ်"

"ဝေးဝေးက အရင်ပျံကြမယ်၊ ပြီးရင် ငါတို့ကပ်ပျံကြမယ်လေ"

ပိုးဖလံလေးတွေမှာ သူတို့ရထားသော တောင်ပံတွေကို စိတ်ကြိုက်

mgyoe.com

mgyoe.com



ခတ်ကာ ပျံသန်းနေကြသည်။တစ်ကောင်နှင့်တစ်ကောင် ခပ်ဝေးဝေး ပျံနေကြရာကနေ တဖြည်းဖြည်း ကပ်ပျံကြသည်။ နီးနီးကပ်ကပ် ရှောင်တိမ်းကာ ပျံကြရတာကို သဘောကျနေကြသည်။

"ပျော်စရာကြီးဟေ့... ငါတို့ ကောင်းကောင်းပျံနိုင်တယ်ကွ"

"အဝေးကြီးမပျံနဲ့လို့ အဖေက မှာလိုက်တယ်.. ငါတို့ဒီမှာပဲ စိတ်ကြိုက်ပျံကြမယ်လေ"

"ငါတို့ လိုက်တမ်းပြေးတမ်း ကစားကြမလား"

"ဟေး.. ကောင်းတယ်.. ငါတို့ အပျံလေ့ကျင့်ပြီးသားလည်း ဖြစ်သွားတာပေါ့"

ပိုးဖလံလေးမှာ စောစောကကြောက်စိတ်တွေ မရှိတော့ပေ။ ကြောက်စရာဟု သူထင်ထားသည့် ပျံသန်းခြင်းကိစ္စမှာ သူလေ့ကျင့်၍ ကျွမ်းကျင်သွားလျှင် သူ့ထံပါးကနေ ပျောက်ကွယ်ထွက်သွားမည့် ခြိမ်းခြောက်မှုတစ်ခုသာဖြစ်ကြောင်း သူလက်တွေ့ သိလိုက်ရသည်။ သူ ပျံနိုင်သွားပြီဆိုသည့် အချိန်တွင် သူပျံသန်းရန် ကြောက်ဖို့ တွန်းအားပေးခဲ့သော ကြောက်စိတ်သည် သူ ပျံနိုင်သွားပြီဆိုသောအခါ ပျောက်ကွယ်သွားပြီဖြစ်သည်။ ကြောက်စိတ်ကို ကျော်လွှားနိုင်သောနည်းမှာ ကိုယ့်ဆီမှာပဲ ရှိနေသည်ကို ပိုးဖလံ သတိထားမိသွားသည်။

"မင်းကိုမကြောက်နဲ့ ရဲရဲပျံလို့.. အဲဒါကြောင့် ပြောတာပေါ့၊ မင်းမှာ အစွမ်းအစက ရှိပြီးသားပဲ.. မင်းအသုံးချတတ်ဖို့နဲ့ ကြိုးစားဖို့ပဲ လိုတယ်"

ယခုအခါမှာတော့ ထိုအသံကို ပိုးဖလံလေးက လိုက်ရှာမနေတော့ပေ။ ထိုအသံသည် တွေဝေမေ့လျော့နေသော သူ့ကို သူကိုယ်တိုင်က ပြန်လည်သတိပေးသည့် ဒုတိယအသံအဖြစ် သူသတ်မှတ်လိုက်ပြီ ဖြစ်သည်။ ထိုသို့ အသံရှင်ကို သူ ရှာဖွေတွေ့ရှိသွားပြီ ဆိုသောအခါ သူက ထိုဒုတိယအသံနှင့် စကားပြောဖို့ ကြိုးစားတော့သည်။

mgyoe.com

mgyoe.com


"ကောင်းပြီလေ.. အခုကောင်းကောင်းပျံနိုင်သွားပြီ.. ဒီညမှာတောင် မီးကြည့်လိုက်လို့ရသွားပြီ.. မီးနဲ့ အနီးဆုံးကို သွားကြည့်လို့ရပြီ"

"မီးနဲ့အနီးဆုံးကို သွားဖို့ဆိုရင် မင်းရဲ့ပျံသန်းမှုကို ကျွမ်းကျင်အောင်လုပ်ရမယ်.. မီးနဲ့အနီးဆုံးကို အရောက်သွားနိုင်တယ်ဆိုတာ သူရဲကောင်းတို့ အလုပ်ပဲကွ"

ငါလည်း သူရဲကောင်း ဖြစ်နိုင်ပါတယ်.. သူရဲကောင်းဆိုတာ သူရဲကောင်းလုပ်ဖို့ သီးသန့်မွေးထုတ်လိုက်တာမှ မဟုတ်တာ"

အားပါးတရ ရယ်လိုက်သောအသံကို ပိုးဖလံ ကြားလိုက်ရသည်။ သူ့ရင်ဘတ်ကြီး ပွင့်ထွက်မတတ်သော ရယ်သံဟုပင် ဆိုနိုင်သည်။

"သိပ်ကိုမှန်တာပေါ့ကွာ.. သူရဲကောင်းဆိုတာ သူရဲကောင်းဖြစ်ဖို့ သီးသန့်မွေးလာတာမဟုတ်ဘူး.. တခြားအကောင်တွေလိုပဲ သူလည်း မွေးလာတာ.. ဒါပေမဲ့ သူက သူရဲကောင်းဖြစ်အောင် ကြိုးစားသွားတာ.. သူရဲကောင်းအခွင့်အရေးက မွေးကတည်းက အားလုံးမှာ ပါလာပြီးသားပဲကွ.. အဲဒီအခွင့်အရေးကို အရယူနိုင်တဲ့သူ နည်းလွန်းလို့ သူရဲကောင်းတွေ နည်းနေတာပဲ"

ပိုးဖလံက သူ့တောင်ပံတွေကို လေပြင်းပြင်းရအောင် ခတ်ပြလိုက်ပြီး စကားပြန်လိုက်သည်။

"ငါ့ကိုယ်ထဲမှာ ပါပြီးသားဆိုရင် ငါ ရအောင်ယူပြမယ်.. မင်းအနီးကပ် စောင့်ကြည့်နေပါ.. ငါ သူရဲကောင်း ဖြစ်လာစေရမယ်"

ပိုးဖလံက ကြုံးဝါးလိုက်သည်။ ဒုတိယအသံဆီက အသံမကြားရတော့ပေ။

❖

mgyoe.com

mgyoe.com

## အသွင်ကွဲပိုးဖလံ ( ၂ )

နေ့ခင်းပိုင်းများမှာ ပိုးဖလံလေးဟာ တက်ကြွစွာနဲ့ပဲ ပျံသန်းခြင်းကို လေ့ကျင့်နေခဲ့သည်။ သူနှင့်အရွယ်တူ ပိုးဖလံလေးတွေကတော့ ပျံသန်းနိုင်ပြီဆိုတာနှင့်ပင် ညမီးအလှကြည့်ဖို့အတွက် စိတ်စောနေကြသည်ကို ပိုးဖလံလေးက တွေ့နေ၊ ကြားနေရသည်။

"ငါတို့ ကောင်းကောင်းပျံနိုင်ကြပြီပဲကွ.. ဒီညပဲ မီးအလှကြည့်လိုက်သွားတော့မလို့"

ပိုးဖလံလေးတစ်ကောင်က စိတ်အားတက်ကြွစွာပြောသည်။ ကျန်ပိုးဖလံကလေးတွေကလည်း ထိုပိုးဖလံလေးလိုပဲ စိတ်အားတက်ကြွနေကြတာကို တွေ့ရသည်။

"ငါကတော့ သူရဲကောင်းဖြစ်ချင်တယ်.. မီးနဲ့အနီးဆုံးကို ပျံသန်းမယ်.. မီးအလှကို အနီးကပ်ဆုံးကြည့်မယ်.. ဒီလိုကြည့်ဖို့ဆိုရင် ကျွမ်းကျင်ရမယ်လို့ ပြောတယ်"

"သူရဲကောင်းဖြစ်ဖို့ဆိုတာ မလွယ်ဘူးတဲ့ ငါ့အဖေက ပြောတယ်.. ပိုးဖလံတစ်ကောင်က ပျံသန်းပြီး မီးအလှကြည့်နိုင်တယ်ဆိုရင် တော်ပြီ

mgyoe.com

mgyoe.com


ပေါ့တဲ့"

ထိုပိုးဖလံလေးရဲ့စကားကို ကျန်ပိုးဖလံကလေးတွေကလည်း သဘောတူကြသည်။ ယနေ့ညမှာပဲ မီးကြည့်လိုက်ဖို့အတွက် တွင်းအောင်းပြီး အားဖြည့်ရမည်ဟု ဆိုသည်။ ပိုးဖလံကလေး ပိုးဖလံကတော့ ယနေ့ည လိုက်ဦးမည်မဟုတ်ကြောင်း သူတို့ကို ငြင်းလိုက်သည်။

"ပိုးဖလံ.. မင်းအဖေက မင်းကို ဘာမှမပြောဘူးလား"

"ဘာကိုပြောရမှာလဲ"

"ငါတို့ရဲ့ တောင်ပံတွေအကြောင်းလေ"

"အဖေမပြောလည်း ငါ သိပါတယ်ကွာ"

ပိုးဖလံလေးတွေက ပိုးဖလံကို နှုတ်ဆက်ပြန်သွားကြသည်။ နေ့ဘက်မှာ တွင်းအောင်းအစာစားပြီး အိပ်ရေးဝဝ အိပ်လိုက်ဦးမည်ဟု ဆိုကြသည်။ ပိုးဖလံကတော့ သူပျံသန်းတာကို ဆက်လေ့ကျင့်ဦးမည်ဟု ပြောကာ ချန်နေရစ်ခဲ့သည်။

" ဒီကောင်တွေပြောတာလည်း မှန်တယ်ကွ.. မင်းရထားတဲ့ တောင်ပံတွေက ငှက်တွေလို ထာဝရ ရထားတာမဟုတ်ဘူး.. အချိန်အကန့်အသတ်နဲ့ ရထားတာ.. သူ့အချိန်ကုန်သွားရင် တောင်ပံတွေက မင်းကိုယ်ပေါ်ကနေ အလိုလို ပြုတ်ကျသွားကြမှာ"

ဒုတိယအသံက ပိုးဖလံကို ပြောလိုက်သည်။ ပိုးဖလံကလည်း ဒီလောက်တော့ ငါလည်း သိပါတယ်ကွဟု ပြန်အော်သည်။ ညမီး ကြည့်ရန်အတွက် ပိုးဖလံပါဝင်မည် မဟုတ်သော်လည်း ညမီးကြည့်ကြမည့် သူ့အဖော် ပိုးဖလံလေးတွေကိုကြည့်ရန် တွင်းထဲကနေအတူတကွ ပျံသန်းလိုက်ပါသွားသည်။ ညမီးကြည့်ရန်အတွက် စိတ်အားထက်သန်နေကြသော ပိုးဖလံလေးတွေက ပိုးဖလံကို ခေါ်နေကြသည်။

"ပိုးဖလံ.. မင်းလည်း လိုက်မယ်မဟုတ်လား.. ပျော်စရာကြီး"

mgyoe.com

mgyoe.com


"ဟုတ်တယ်.. မီးရောင်အောက်မှာ ငါတို့အားပါးတရ ပျော်ကြမယ်.. မီးရောင်ကို နီးနီးကပ်ကပ် သွားကြည့်ကြမယ်.. ငါတို့ မီးရောင်အောက်မှာ ပျံကြမယ်.. ကကြမယ်"

" ငါက မီးရောင်ကြည့်ဖို့ ထွက်လာတာမဟုတ်ဘူး.. မင်းတို့ ပျော်နေတာကို ငါလာကြည့်တာ.. မင်းတို့ဘယ်လိုပျော်ပြီး ဘယ်လိုဖြစ်သွားတယ်ဆိုတာ လာကြည့်တာကွ"

ပိုးဖလံလေးတွေက ပိုးဖလံကို စကားဆက်ပြောမနေတော့ဘဲ ဓာတ်တိုင်ဆီက မီးလုံးဆီကို ပျံပြေးသွားကြသည်။ ဓာတ်တိုင်က မီးလုံးဆီသို့ ပြေးလွှားတိုးကပ်သွားကြတာကို ပိုးဖလံက ကြည့်နေသည်။တပျော်တပါး ပျံသန်းနေကြသော ပိုးဖလံပေါင်းများစွာကို လှမ်းကြည့်ရင်း ပိုးဖလံမှာ ပျော်မလာဘဲ စိတ်ကျဉ်းကျပ်နေသည်။ မီးလုံးအောက်ကို သူ့ထက်ငါ ဦးအောင်ကပ်သွားရင်း တိုးဝှေ့ပျော်ရွှင်နေကြသော ပိုးဖလံတွေကို ပိုးဖလံ ကြည့်နေလိုက်သည်။

"မင်း တွေ့တယ်မဟုတ်လား.. အားလုံးက မီးလုံးနားကိုရောက်ဖို့ အလုအယက်ကပ်နေကြတာ.. တချို့ကောင်တွေ ပူလို့ပြုတ်ကျသွားကြပြီ.. ပြုတ်ကျပြီဆိုတာနဲ့ တောင်ပံတွေလည်း ပြုတ်ကုန်ကြတော့တာပဲ"

ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရှာသည်ဟူသော ဆိုရိုးလိုပင် ပိုးဖလံတို့ ကားမီးကိုတိုးရင်း တောင်ပံပြုတ်ကျသူက ပြုတ်ကျ၊ အသက်ပါသူက ပါသွားကြနှင့် ဖြစ်နေသည်။ မီးလုံးကိုဝင်တိုက်မိပြီး အပူလောင်ကျွမ်း သေကျေသွားကြသော ပိုးဖလံတွေ၊ တောင်ပံပြုတ်သွား၍ မြေကြီးပေါ်တွင် ပြေးလွှားကာ မူလအခြေအနေကို ရောက်သွားကြသော ပိုးကောင်တစ်ဖြစ်လည်း ပိုးဖလံ တောင်ပံမဲ့ကလေးတွေကို ပိုးဖလံ ကြည့်နေသည်။

"မင်းက ဒီညမှာ ဘယ်ပိုးဖလံက သူရဲကောင်း ဖြစ်သွားမလဲဆိုတာ

mgyoe.com

mgyoe.com



ကို ကြည့်နေတာလား.. မင်း သူ့ရဲကောင်းပိုးဖလံကို မြင်ရဖို့မလွယ်ဘူး.. တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျ သေဆုံးနေတာကို မင်းတွေ့တယ် မဟုတ်လား"

ဒုတိယအသံက ပိုးဖလံကို ပြောနေသည်။ ပိုးဖလံကလည်း တကျည်ကျည်လုပ်နေသော ဒုတိယအသံကို စိတ်ပျက်လာသည်။

"မင်းက တစ်ချိန်လုံး စကားများနေတာပဲကွာ.. မင်းပြောတာတွေ ငါ မသိဘူးထင်လို့လား.. ငါ အကုန်သိတယ်.. မင်းပြောစရာ သတိပေးစရာ မလိုဘူး"

ဒုတိယအသံက ရယ်သည်။

"ငါသိတာတွေအားလုံး မင်းသိတာပေါ့ကွ.. ငါက ဒုတိယမင်းပဲလေ.. မင်းမေ့နေမှာစိုးလို့ ငါ ပြောနေရတာပဲကွ.. မင်းသိသလောက်ကို မင်းမေ့နေမှာစိုးလို့ သတိပေးတာ.. မသိတာကို မသိလို့ဆိုပြီး ပြောလို့ရပေမဲ့ သိနေတာကိုတော့ မေ့နေလို့မရဘူး.. မင်းမေ့နေလေ မင်းသိတာတွေက အလကားဖြစ်လေပဲဆိုတာ မင်း သတိထားဦး"

ပိုးဖလံက ခေါင်းခါလိုက်သည်။ သူက ဆက်ပြောနေလျှင် ဒုတိယအသံက သူ့ကို ဆုံးမဩဝါဒတွေ ပြောနေပေလိမ့်ဦးမည်ဖြစ်သည်။ ပိုးဖလံက မီးလုံးကို ဝိုင်းဝန်းတိုက်ခိုက်နေသလို စုပြုံတိုးဝှေ့ ပူးကပ်ကြည့်နေကြသည့် ပိုးဖလံတွေကို တွေ့ရသည်။

"ဒီတစ်ခါ မင်းကို ငါ ပြောမယ်.. မင်း နားထောင်.. မင်း ကြည့်စမ်း.. ငါတို့ပိုးဖလံတွေ ဖြစ်ပျက်နေကြတာ.. သူတို့ကိုကြည့်ပြီး ငါစဉ်းစားနေတယ်"

"မီးကို အနီးကပ်ဆုံးဝင်ကြည့်ပြီး ခံနိုင်ရည်ရှိတဲ့ပိုးဖလံကို သူ့ရဲကောင်းလို့ သတ်မှတ်တာကို မင်း မကျေလည်တာမဟုတ်လား.. ဒါကို မင်းက ဘယ်လို ပြောင်းလဲပေးနိုင်မှာမို့လို့လဲ.. အဲဒါက မင်းတို့ပိုးဖလံ

mgyoe.com

mgyoe.com



အသိုင်းအဝိုင်းက သတ်မှတ်ထားတာပဲကွ"

သူ့ရဲကောင်းဆိုတာ သေရဲသူကိုပဲပြောတာလား.. ဘယ်လိုသေသလဲဆိုတာက ပိုအရေးကြီးတယ်လို့ ငါ ထင်တယ်.. သူတို့က ဘာအတွက် အသက်စွန့်နေကြတာလဲ.. သူတို့ အသက်စွန့်ကြလို့ ပိုးဖလံလောကမှာ ဘာအကျိုးရှိသလဲ.. ဒါကြောင့် လူတွေရဲ့ အကဲ့အရဲ့စကားတွေ ကြားရတာပေါ့.. ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရှာသည်ဆိုတာ ဂုဏ်ယူရမယ့်ကိစ္စမှ မဟုတ်တာ"

ဒုတိယအသံက သဘောကျစွာ အားပါးတရရယ်သည်။

"ဒါကြောင့်မင်းက ဒီအယူတွေကို ပြောင်းလဲပစ်မယ်ပေါ့.. ပြောစမ်းပါဦး.. မင်းက သူတို့ကို ဘယ်လိုပြောင်းလဲပစ်နိုင်မှာလဲ"

သည်တစ်ခါမှာတော့ ပိုးဖလံက ရယ်လိုက်သည်။ ပိုးဖလံ ဘာကြောင့်ရယ်သည်ကို ဒုတိယအသံကလည်း သိသည်။

"အေးပါ.. မင်းရယ်ပါ.. မင်း ဘာတွေတွေးနေတယ်ဆိုတာ ငါသိပါတယ်"

"ဒါပေါ့.. ငါတို့က ပြောင်းလဲချင်တယ်ဆိုရင် အားလုံးကို လိုက်ပြောင်းလဲစေချင်ကြတယ်.. အားလုံးကို လိုက်ပြောင်းလဲစေချင်ရင် ကိုယ်က အရင်ပြောင်းလဲရမယ်ဆိုတာကို ငါတို့ မေ့နေကြတယ်"

"မေ့နေကြတာ မဟုတ်ပါဘူး.. မေ့တယ်ဆိုတာက သတိရစရာရှိရမယ်လေ.. သတိရစရာ မရှိဘူးဆိုရင် ဘာကိုမေ့ရမှာလဲ.. တကယ်တော့ မေ့နေကြတာမဟုတ်ဘဲ ဘာကို သတိရရမလဲဆိုတာ မသိတာပါ"

ပိုးဖလံက ခေါင်းတညိတ်ညိတ်လုပ်ပြီး စဉ်းစားနေသည်။ ပိုးဖလံတွေရဲ့အယူကို မပြောင်းလဲနိုင်ခင် ပိုးဖလံကိုယ်တိုင်က အရင်ပြောင်းလဲရမည်ဟု တွေးသည်။ ပိုးဖလံတို့ကို ပေးလိုက်သည့် တောင်ပံရရှိခြင်းအခွင့်အရေးသည် မီးအလုကြည့်ဖို့၊ မီးရောင်ကို တိုးဖို့အတွက်ဟူသည်

mgyoe.com

mgyoe.com



ကပင် အခွင့်အရေးကို လက်ခံကျင့်သုံးပုံ မှားနေသည်ဟုထင်သည်။ တောင်ပံတွေမရသည့် အချိန်မှာ ပိုးဖလံတွေမှာ ပိုးကောင်အဖြစ် ရှင်သန်ရသည်။ ရှာဖွေစားသောက်ရသည်။ နေထိုင်ကြီးပြင်းရသည်။ ပိုးဖလံတို့၏ ဘဝသည် တောင်ပံအားကိုးဖြင့် ရှင်သန်ရသည်မဟုတ်ဟု ပိုးဖလံက တွေးသည်။ တောင်ပံရလာခြင်းသည် အခွင့်အလမ်းဖြစ်သည်ဆိုလျှင် ထိုအခွင့်အလမ်းကို ဘယ်လိုအကျိုးရှိအောင် အသုံးပြုမလဲဟု သူ တွေးသည်။

ပိုးဖလံ၏ရှေ့မှာပင် အတောင်ကျွတ်သွားကြသော ပိုးဖလံတွေကို တွေ့နေရသည်။

"မင်း ဘာတွေးနေတယ်ဆိုတာ ငါသိတယ်..တောင်ပံတွေက ဘာကြောင့် ကြာရှည်မခြံဘဲ ပြုတ်ကျသွားရတာလည်းဆိုတာ တွေးနေတာမဟုတ်လား"

"မင်းပဲ စဉ်းစားကြည့်လေ.. ပိုးဖလံတွေက သူတို့တောင်ပံတွေကို ခံနိုင်ရည်ကုန်အောင်အထိ မီးအလှကြည့်တဲ့နေရာမှာ သုံးနေကြတယ်.. ငါတို့ရထားတဲ့ တောင်ပံရဲ့ခံနိုင်ရည်ကို ငါတွက်ကြည့်နေတာ.. ငါ တောင်ပံကိုရတဲ့ မနေ့က ငါကိုယ်တိုင် ပျံသန်းတတ်ဖို့ ကြိုးစားတယ်.. ငါမပျံတတ်တော့ ပြုတ်ကျတယ်.. ဒါပေမဲ့ တောင်ပံတွေက ပြုတ်မသွားဘူး.. အခု ငါပိုးဖလံတွေ အရူးအမူးဖြစ်နေတဲ့ အခွင့်အလမ်းတစ်ခုကို စွန့်စားပြီး မီးအလှကြည့်တဲ့နေရာမှာ မသုံးဘူး"

ဒုတိယအသံက သဘောကျစွာရယ်သည်။ ပိုးဖလံက သူ့ကိုယ်သူ ပြောင်းလဲဖို့ ဘယ်လိုပြောင်းလဲသင့်သလဲ ဆိုတာကို ရှာဖွေနေသည်။ တောင်ပံရရှိခြင်းသည် မြေပြင်ကနေ လေထဲကို အမြင့်ပျံသန်းနိုင်သည့် အခွင့်အလမ်း ရရှိခြင်းဖြစ်သည်။ ထိုအခွင့်အလမ်းကို မီးအလှကို အနီးကပ်ကြည့်ခြင်းတွင် သုံးပစ်လိုက်ခြင်းကို စွန့်လွှတ်လိုက်လျှင် တောင်ပံက

mgyoe.com

mgyoe.com


သူ့အလိုလို ပြုတ်ကျသွားလေမလား ဆိုတာကို စောင်ကြည့်ဖို့ ပိုးဖလံ တွေးနေကြောင်းသိသည်။

"တောင်ပံတွေရဲ့ သက်တမ်းက ရက်သတ်မှတ် အချိန်ကာလ လား.. သူ့ကို အသုံးပြုတဲ့ အတိုင်းအတာ ပမာဏလားဆိုတာ ငါသိချင် တယ်.. မီးအလှကို အနီးကပ်ကြည့်ခွင့် ဆုံးရှုံးသွားရတယ်ဆိုရင်လည်း ငါ စွန့်လွှတ်လိုက်မယ်.. တစ်ခုခုကိုလိုချင်ရင် တစ်ခုခုကို စွန့်လွှတ်ရမယ် တဲ့.. စွန့်လွှတ်လိုက်တာထက် ပိုကောင်းတဲ့တစ်ခုခုတော့ ရသင့်တယ် ပေါ့.. ဒါပေမဲ့ .."

မင်းစွန့်လွှတ်တာက ပိုကောင်းတဲ့တစ်ခုခုကို ရမယ်ဆိုတာ မသေချာ ဘူး"

ပိုးဖလံက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ပိုကောင်းတာရမယ်၊ မရဘူးဆိုတာနဲ့ပဲ မစွန့်စားရတော့ဘူး လား.. မီးကိုတိုးလို့ ကိုယ်ကျိုးနည်းသွားရတဲ့ ပိုးဖလံတွေကို ငါတို့အများ ကြီး တွေ့ဖူးပြီးပြီ.. တွေ့လည်း တွေ့နေရဆဲ ရှိသေးတယ်.. နောက်ထပ် လည်း တွေ့နေကြဦးမှာပဲ.. ငါကတော့ သူတို့လမ်းကို မလိုက်ဘူး.. လမ်းလွဲကနေလိုက်လို့ ကိုယ်ကျိုးနည်းတော့လည်း သူတို့နဲ့မတူတဲ့ ကိုယ် ကျိုးနည်းပုံတစ်မျိုးကို တွေ့ရမယ်လို့ မျှော်လင့်ထားရုံပဲ"

ဒုတိယအသံဆီကနေ စကားသံတွေ ထပ်ထွက်မလာတော့ပေ။ ပိုးဖလံ တွေးတောနေတာတွေကို သူကလည်း သိနေသည်ဆိုတော့ ပိုးဖလံကို အထူးတလည် သတိပေးစရာ မလိုတော့ဟု တွေးလိုက်ပုံလည်း ရသည်။ ပိုးဖလံသည် သူ့တောင်ပံကို ခွေါတာသည့်အနေဖြင့် အခြား သော ပိုးဖလံများလို ပျံသန်းမနေတော့ဘဲ တွင်းဝကိုပျံလာကာ တွင်းထဲ ကို ဝင်သွားသည်။

"မင်းကြည့်.. အခု ငါ့အိမ်ငါ့ရာကို ငါ ပျံလာခဲ့ရတော့ ခြေလျင်

mgyoe.com

mgyoe.com



ပြန်လာရတာထက် ပိုမြန်တယ်လေ.. လမ်းလျှောက်ပြန်လာကြရမယ့် ကောင်တွေက မရောက်နိုင်သေးဘူး.. ဒီတစ်ချက်နဲ့တင် ငါ မီးအလှ တိုးမကြည့်တာ တန်သွားပြီ”

ပိုးဖလံက ဒုတိယအသံကို ပြောလိုက်သည်။

❖

mgyoe.com

mgyoe.com

## အသွင်ကွဲပိုးဖလံ ၃

ပိုးဖလံလေးရဲ့ကိုယ်ပေါ်က တောင်ပံတွေ ပြုတ်နေသည်ကို ပိုးဖလံလေး နိုးလာချိန်တွင် တွေ့လိုက်ရသည်။ တောင်ပံတွေမရှိတော့လည်း တောင်ပံတွေရှိနေသည့် အချိန်တွေကို နှမြောသလိုလို ပိုးဖလံ ခံစားရသည်။

"မင်းရွေးချယ်မှုနဲ့ မင်းပဲလေ"

ဒုတိယအသံက ပြောသည်။ သူ့ကိုယ်ပေါ်က တောင်ပံတွေမရှိတော့ချိန် တောင်ပံကိုယ်စီနှင့် ဖြစ်နေသော အခြားပိုးဖလံလေးတွေကို သူ ငေးကြည့်နေသည်။ သူတို့၏ တက်ကြွမှုတွေကိုကြည့်ရင်း သူကိုယ်တိုင်လည်း တောင်ပံတွေရရှိ၍ တက်ကြွခဲ့တာကို ပြန်သတိရလာသည်။

"တစ်ခုကိုသိချင်ရင် စွန့်စားရတာပဲကွ.. မီးအလှကို အနီးကပ် မကြည့်လိုက်ရလို့ ဝမ်းနည်းနေတာမဟုတ်ဘူး.. တောင်ပံတွေရှိနေသေးရင် ငါ လုပ်ချင်တာတွေရှိလို့ စိတ်မကောင်းဖြစ်နေတာ.. ဒီနေ့သာ ငါ့မှာ တောင်ပံတွေရှိနေသေးရင် ငါ လျှောက်ပျံဝဲကြည့်ချင်သေးတယ်.. ငါ့ခြေလှမ်းတွေနဲ့ မနည်းသွားရတဲ့ခရီးကို ငါ ပျံကြည့်ချင်တယ်.. ငါ့နေရာကနေ ဝေးနိုင်သလောက်ဝေးဝေး ငါ လိုက်ကြည့်ချင်တယ်"

mgyoe.com

mgyoe.com


တောင်ပံရသဖြင့် ပျော်နေကြသော ပိုးဖလံကလေးတွေက ပိုးဖလံဆီ ချဉ်းကပ်လာကြသည်။ တောင်ပံရရှိခြင်းကြောင့် ခံစားရသော ပျော်ရွှင်မှုတွေကို မေးမြန်းကြသည်။ မီးအလှကြည့်ခြင်း အတွေ့အကြုံကိုတော့ သူက ပြန်မပြောပြနိုင်ပေ။

"မင်းတို့က ဘာလို့ မီးအလှကြည့်တာကိုပဲ စိတ်ဝင်စားနေကြတာလဲ.. မင်းတို့မှာ တောင်ပံရတုန်း မင်းတို့မရောက်ဖူးတဲ့ နေရာတွေကို ပျံပြီး လိုက်ကြည့်ကြပါလား.. မင်းတို့ ငါတို့ ခြေလှမ်းတွေနဲ့သွားရင် အကြာကြီးသွားရမယ့် နေရာမျိုးတွေကို တောင်ပံရတုန်း ပျံဝဲကြည့်ကြပါလား"

ပိုးဖလံက သူ မရရှိလိုက်သော အခွင့်အရေးကို တောင်ပံရရှိနေသော ပိုးဖလံတွေ ရယူကြည့်ဖို့ အကြံပြုစကား ပြောလိုက်သည်။

"အဲဒီလိုပျံကြည့်လို့ ဘာထူးမှာလဲ.. တောင်ပံတွေရတဲ့အခိုက် မီးအလှကြည့်ရမယ် မဟုတ်ဘူးလား၊တောင်ပံတွေရှိမှ မီးနဲ့နီးနီးကို ပျံနိုင်မှာလေ.. ဟိုးအမြင့်ကြီးက မီးလုံးတွေကို တက်ကြည့်ဖို့ဆိုတာ မလွယ်ဘူးလေ"

"ဟုတ်တယ်ဗျ.. အခွင့်အရေးဆိုတာ ရတုန်းယူရမှာ.. မီးအလှကြည့်ပြီး ပျံဝဲကခုန်ကြရတာ ဘယ်လောက် ပျော်စရာကောင်းမလဲ.. ကျွန်တော်တော့ ညကို မြန်မြန်ရောက်စေချင်ပြီ"

ပိုးဖလံက တောင်ပံတွေပေါက်ခဲ့သော နေရာတွေကို စမ်းကြည့်သည်။ အလွယ်တကူပေါက်လာပြီး အလွယ်တကူပြုတ်သွားသော တောင်ပံတွေကို တပ်မက်နေတာကလည်း သဘာဝမကျဘူးလေဟု သူ့ကိုယ်သူ ပြောလိုက်သည်။ ပိုးဖလံလေးတွေမှာ တွင်းထဲကနေထွက်ပြီး တောင်ပံစမ်းပျံရန် လောဆော်နေကြသည်။ သူလည်း တွင်းထဲကနေ ထွက်လာခဲ့သည်။ ပိုးကောင်မှာ တောင်ပံတပ်ပေးလိုက်တာက တစ်ခဏ

mgyoe.com

mgyoe.com


တာ ရှုံးသွပ်သွားစေဖို့လားဟု သူ တွေးနေသည်။ မနေ့က ပျံသန်းရင်း တွေ့ကြုံခဲ့ရသော အတွေ့အကြုံကို သူ သတိရလာသည်။

မနေ့က စမ်းသပ်ပျံသန်းနေရင်း ငှက်ငယ်ငယ်လေးတစ်ကောင်နှင့် သူ ဆုံခဲ့ရသည်။ ထိုငှက်ကလေးမှာ အလွန်သေးသဖြင့် အခြားငှက်တွေကြားမှာ ပျောက်နေသလိုရှိသည်။ သို့သော်လည်း ထိုငှက်ပိစိလေးမှာ လေထဲတွင် အလွန်လျင်မြန်သောအရှိန်ဖြင့် ပျံသန်းနိုင်သည်။ မိုးပေါ်ကို အရှိန်ပြင်းစွာ ပျံတက်သွားသည်ကို ပိုးဖလံက ငေးကြည့်နေရသည်။ သူ့တောင်ပံတွေကို ငှက်ကလေးပျံသလို အရှိန်နှင့်ပျံလိုက်လျှင် တောင်ပံတွေ ပြုတ်ထွက်သွားလေမလား၊ သူ့တောင်ပံတွေကရော ခံနိုင်ရည်ရှိပါ့မလားဟု သူ တွေးငေးကြည့်နေခဲ့သည်။ ငှက်ကလေးကို အားကျစိတ်ဖြင့် သူ ငေးနေခဲ့သည်။

ငှက်ကလေးက သူ့အနားကနေ ဝေ့ဝိုက်ပျံသန်းရင်း သူ့ကို တွေ့သွားသည်။

"မင်းကလည်း ငှက်ပဲလား.. ဘာလို့ ဒီလောက်သေးရတာလဲ.. ငါ့ကိုယ်ငါ သေးလှပြီလို့ ငါတွေးနေတာ.. ငါ့ထက်သေးတဲ့ငှက်လည်း ရှိသေးတာကိုး"

ငှက်ကလေးက သူ့နံဘေးမှာ ပျံသန်းရင်းပြောလိုက်သည်။ သူ့နံဘေးကနေ ဝဲကာပျံရင်း အတူတူပျံကြမလားဟု မေးလိုက်သည်။

"ငါက ငှက်မဟုတ်ဘူး.. ပိုးကောင်လေးပါ.. တောင်ပံလေးပေါက်လာလို့ ပျံကြည့်နေတာ..

မင်းလိုတော့ ငါ ပျံလို့မရဘူးထင်တယ်.. ငါ့တောင်ပံတွေက ပါးပါးကလေးလေ"

ငှက်ကလေးက ပိုးဖလံအနီးကို ပျံဝဲလာရင်း ပိုးဖလံလေး၏ တောင်ပံတွေကို ကြည့်နေသည်။ ပိုးဖလံလေးပြောသလိုပင် တောင်ပံလေး

mgyoe.com

mgyoe.com



တွေ ပါးလွန်းသဖြင့် တစ်ဖက်ကို ဖောက်မြင်ရသလို ဖြစ်နေသည်။

"မင်းတောင်ပံတွေက လှတယ်နော်.. ကြည်ပေါက်နေတာပဲ.. ငါ လိုချင်လိုက်တာ"

"မင်းလိုချင်လည်း မရဘူး.. ငါ့တောင်ပံတွေက ကြာရှည်ခံတဲ့ တောင်ပံတွေ မဟုတ်ဘူး..၊ မင်းလို မိုးပေါ်ထောင်ပျံလိုက်ရင် ကျိုးပဲ့ပြုတ် ထွက်သွားလိမ့်မယ်"

ဘယ်လို.. တောင်ပံတွေက ပျံလိုက်ရင် ကျိုးပဲ့ထွက်သွားတယ် ဟုတ်လား.. ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူး.. တောင်ပံတွေက များများ ပျံလေလေ ပိုပြီးအားကောင်းလေလေပဲလို့ ငါ့အဖေကပြောတယ်.. ဒါကြောင့် ငါ များများပျံနေတာ"

ပိုးဖလံလေးက သူစိတ်ဝင်စားနေသော အကြောင်းအရာကိုမေးရန် စိတ်ကူးရသွားသည်။

ငှက်ကလေးဟာ သူ့တောင်ပံ တောင့်တောင့်တွေဖြင့် ခရီးများများ သွားဖူးပေလိမ့်မည်။ ခရီးဝေးဝေး သွားဖူးပေလိမ့်မည်။ ထိုခရီးဝေးဝေးမှာ ငှက်ကလေးက ဘာတွေကို မြင်ခဲ့ရလေမလဲ။

"မင်းက ဝေးဝေးပျံလို့ရတယ်ဆိုတော့ နေရာအတော်များများကို ရောက်ဖူးမှာပေါ့.. ငါ့ကို ပြောပြနိုင်မလား.. ဒီနေရာနဲ့ ဝေးတဲ့နေရာမှာ ဘာတွေရှိသလဲ.. ဘယ်လောက်လှသလဲ.. တခြားအကောင်ဗလောင်တွေ ကကော ဘယ်လောက်များများရှိလဲ"

ပိုးဖလံလေးက စိတ်အားထက်သန်စွာ မေးလိုက်သည်။ငှက် ကလေးမှာ ပိုးဖလံကိုကြည့်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားပုံ ရသည်။

"ဘယ်လောက်ဝေးဝေး.. ဟုတ်လား.. ငါက ဘယ်လောက်ဝေး ဝေးမှ မပျံဖူးဘူး.. အဖေက ပြောထားတယ်.. ကိုယ်ကျင်လည်တဲ့ နေရာ

mgyoe.com

mgyoe.com


ကနေ ဝေးဝေးကို မပျံရဘူးတဲ့.. အန္တရာယ်တွေ သိပ်များတယ်တဲ့.. တခြား ငှက်ကြီးတွေက ထိုးသုတ်သတ်ပစ်ကြလိမ့်မယ်တဲ့"

"ငှက်အချင်းချင်း အဲဒီလိုသတ်ဖြတ်ကြတာလား.. ပျံသန်းရင်းနဲ့ လေ"

"အဖေက အသက်ကြီးပြီ.. အတွေ့အကြုံလည်း များတယ်.. အဖေ့ စကားကို နားထောင်တာမမှားဘူးလို့ ငါ ထင်တယ်"

ပိုးဖလံလေးမှာ ငှက်ကလေး၏ စကားကြောင့် အဝေးကို ပျံကြည့် ချင်နေသော သူ့အာသီသကို ထိတ်လန့်သွားရသည်။ သူ့နယ်ကိုယ့်နယ် ဟူသော စကားကိုလည်း ပိုးဖလံကလေး စတင်ကြားဖူးလိုက်ရသည်။ သူတို့ ပိုးဖလံလောကမှာလည်း သူ့နယ်ကိုယ်နယ် ရှိနေလေသလား ဟုလည်း မတွေးဖူးတာကို တွေးမိလာသည်။ ပိုးဖလံလေးတို့မှာ ကိုယ့် နေရာနှင့်ကိုယ်နေပြီး ဝေးဝေးလံလံ မသွားဖူးသဖြင့် သေချာမသိပေ။ နယ်မြေတွေ ကန့်သတ်ထားသည်ဆိုတာကိုလည်း သူ မသိခဲ့ပေ။

"ဒါဆိုရင် မင်းလည်း ဒီနေရာ ကွက်ကွက်ကလေးမှာပဲ ပျံခွင့်ရနေ တာပေါ့"

"ဟုတ်တယ်.. အဖေက ငါ့ကိုပြောထားတယ်.. ဝေးဝေးပျံနိုင် တာက ဘာမှမထူးဘူးတဲ့.. မြင့်မြင့်ပျံနိုင်ဖို့က ပိုအရေးကြီးတယ်တဲ့.. မြင့်မြင့်ပျံလိုက်ရင် မင်း မမြင်နိုင်တာတွေကို မြင်နိုင်တယ်တဲ့.. ဝေးဝေးက မြင်ချင်ရင် ဝေးဝေးပျံစရာမလိုဘူး.. မြင့်မြင့်ပျံပြီး ကြည့်ရင်လည်း ဝေးဝေး ကို မြင်ရတာပဲတဲ့"

ပိုးဖလံလေး စိတ်ဝင်စားသွားသည်။ အမြင့်ပျံကြည့်ဖို့ သူစိတ်ကူး သည်။ သို့သော် သူ့တောင်ပံပါးပါးလေးက အမြင့်ကိုပျံနိုင်မည့် ခံနိုင်ရည် ရှိပါ့မလားဟု စိတ်ပူသည်။

"ငါလည်း မြင့်မြင့်ပျံကြည့်ချင်တယ်.. နေရာကျယ်ကျယ်ကို ကြည့်

mgyoe.com

mgyoe.com


ချင်တယ်"

"ပျံလိုက်စမ်းပါ.. တောင်ပံဆိုတာ ပျံဖို့ပဲကွ"

ဒုတိယအသံက သူ့ကိုပြောခဲ့ဖူးတာကို သူ သတိရလိုက်သည်။ သို့သော် သူသိထားတာက ပိုးဖလံတွေက မီးအလှကြည့်ကြရာတွင် ပျံနိုင်သလောက်ပျံကြပြီး တပျော်တပါး မနားတမ်းကြည့်ကြရင်း နောက်ဆုံး တောင်ပံများ ပြုတ်ထွက်သွားကာ မြေကြီးပေါ် ပြုတ်ကျလာကြသည် ဟူ၍ ဖြစ်သည်။

"ငါ့တောင်ပံတွေကို ခပ်ပြင်းပြင်းခတ်လိုက်ရင် ပြုတ်ထွက်သွားလိမ့်မယ်.. တောင်ပံဆိုတာက များများခတ်လေ မခံနိုင်ဖြစ်ပြီး ပြုတ်ကျမြန်လေပဲတဲ့"

ငှက်ကလေးက တအံ့တသြဖြစ်သွားကာ ရယ်လိုက်သည်။

"ငါသိတာကတော့ တောင်ပံဆိုတာ များများပျံလေ အားကောင်းလေပဲ.. ကဲလာ.. ငါတို့အခု အတူတူပျံကြမယ်.. အမြင့်ဆုံးကိုပျံပြီးရင် မြင်ကွင်းကျယ်ကြီးကို လေဟုန်စီးပြီးကြည့်ကြမယ်.. လေဟုန်စီးရတာလည်း ပျော်စရာကောင်းတယ်ကွ.. မင်း လေဟုန်စီးဖူးသလား"

ပိုးဖလံလေး အံ့သြရပြန်သည်။ လေဟုန်စီးခြင်းကို သူယခုမှ ကြားဖူးသည်။ သူတို့မျိုးနွယ်တွေကတော့ လေထဲမှာ အလုအယက် ပျံသန်းကြတာကိုပဲ တွေ့ကြုံဖူးသည်။

" မင်းနဲ့တွေ့ရတာ ငါ မကြားဖူးသေးတာတွေ ကြားရတယ်.. မင်းပြောသလို ငါလည်း လေဟုန်စီးကြည့်ချင်တယ်ကွာ.. လေဟုန်စီးတယ်ဆိုတာကို ငါတို့ပိုးကောင်တွေ ဘယ်ကောင်မှ ကြုံဖူးမှာမဟုတ်ဘူး.. ငါက ပထမဆုံးကြုံမယ်ဆိုတော့ ငါ့မျိုးနွယ်တွေကြားမှာ ငါ သူ့ရဲကောင်းဖြစ်တော့မှာပဲကွ"

ငှက်ကလေးက ပိုးဖလံပြောတာကို အံ့သြသွားရပြန်သည်။ အံ့သြ

mgyoe.com

mgyoe.com


တော့လည်း ငှက်ကလေးက ရယ်ရပြန်လေသည်။

"သူရဲကောင်း.. ဟုတ်လား.. လေဟုန်စီးတာက ဘာခက်တာမှတ်လို့.. ငါတို့အတွက်ကတော့ သိပ်လွယ်လွန်းလို့ စကားထဲတောင် ထည့်ပြောစရာ မလိုဘူးကွ.. မင်းတို့ဆီမှာကျတော့ သူရဲကောင်းဟုတ်လား.. ငါတောင် စိတ်ဝင်စားလာပြီ.. မင်းတို့ဆီလိုက်ခဲ့ပြီး သူရဲကောင်းလုပ်ချင်လိုက်တာကွာ"

ငှက်ကလေးပြောတာကို ပိုးဖလံက ပြန်ရှင်းပြသည်။

"ဒါကတော့ သူ့နေရာနဲ့ သူပဲပေါ့ကွာ.. မင်းတို့ငှက်တွေကော တွင်းထဲကို အလွယ်တကူဝင်နိုင်လား.. ငါတို့က ပြေးဝင်သွားလို့တောင် ရတယ်.. မင်းအဲဒီလို ပြေးဝင်နိုင်သလား"

ပိုးဖလံကလေးက စိတ်ကသိကအောင့်ဖြစ်ပြီး မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။ ငှက်ကလေးကပဲ လျှော့ပေးလိုက်သည်။

"ငှက်ပဲကွာ.. တွင်းထဲပျံဝင်နိုင်ပါ့မလား.. တွင်းထဲကို ပျံဝင်နိုင်တဲ့ ငှက်ဆိုရင် သူရဲကောင်းပဲပေါ့"

"မင်းတို့အတွက် သူရဲကောင်းက ငါတို့အတွက်တော့ ပိုးကောင်တိုင်း အလွယ်တကူ လုပ်နိုင်တယ်ကွ"

စောစောက ငှက်ကလေးပြောထားတာကို ပိုးဖလံက ပြန်တုံ့ပြန်လိုက်သည်။

"အေးပါကွာ.. ငါကပဲ တောင်းပန်ပါတယ်.. အခုငါတို့ လေဟုန်စီးကြရအောင်"

"မင်းပျံတာ သိပ်မြန်တယ်ကွ.. ငါ လိုက်နိုင်မှာမဟုတ်ဘူး"

"ငါဖြေးဖြေးပျံပေးမယ်.. စောင့်ပေးမယ်ကွာ.. မင်းငါ့နောက်က ဖြေးဖြေးပျံလိုက်ခဲ့"

ငှက်ကလေးက မိုးပေါ်ကို ဖြေးဖြေးပျံတက်လိုက်သည်။ ပိုးဖလံ

mgyoe.com

mgyoe.com



ကလေးကလည်း ကြိုးစား၍ လိုက်ပျံသည်။ သူ့တောင်ပံတွေက ငှက်ကလေး၏ တောင်ပံတွေလောက် လေခံတ်အားမကောင်းသဖြင့် အတော်အားယူနေရသည်။ မိုးပေါ်ကို တဖြည်းဖြည်းတက်လာသည်နှင့် ရင်ထဲတွင် အေးလာသည်။ မြင်ကွင်းတွေလည်း ကျယ်ကျယ်မြင်လာသည်။ သို့သော် မြင်ကွင်းတွေက သူ့မျက်လုံးထဲတွင် မှုန်ဝါးနေသည်။ သူ့မျက်လုံးတွေက ဝေးဝေးကို ပြတ်ပြတ်သားသား မမြင်ရတာ ဖြစ်နိုင်သည်။

ပိုးဖလံလေးမှာ အတွေ့အကြုံအသစ်တစ်ခုကို ရလိုက်ပြန်သည်။ သူဘယ်တုန်းကမှ မတွေးဖူးသော၊ မစမ်းသပ်ဖူးသော အတွေ့အကြုံကို ရလိုက်သည်။ လေထဲတွင် လေဟုန်စီးနည်းကို ငှက်ကလေးက ပြပေးသည်။ ပိုးဖလံလေးကလည်း ကြောက်ကြောက်လန့်လန့်နှင့် လိုက်လုပ်ကြည့်သည်။ လေဟုန်စီးကြည့်တော့မှ လေတိုက်သည့်ဒဏ်ကို ပိုးဖလံလေး မခံနိုင်ဖြစ်လာသည်။ လေနှင့်အတူ လွင့်လွင့်သွားသဖြင့် မနည်းထိန်းနေရသည်။

"ငါ အောက်ကိုပြန်ဆင်းမှ ဖြစ်တော့မယ်.. လေတအားတိုက်နေတယ်"

"လေက ဒီလောက်မတိုက်ပါဘူးကွာ.. လေဟုန်စီးတယ်ဆိုတာ လေတိုက်လေကောင်းလေ.. လေပြင်းလေကောင်းလေပဲ.. လေပြင်းပြင်းနဲ့ လေဟုန်စီးရတာ ပိုပျော်စရာကောင်းတယ်ကွ.. လေဟုန်စီးတယ်ဆိုတာ လေအဟုန်နဲ့ စီးရတာကွ.. တစ်ခါတလေ လေပြင်းထဲလွင့်သွားတာ ကစဉ့်ကလျားနဲ့ မနည်းထိန်းရတယ်..ပျော်စရာကြီး"

ပိုးဖလံလေးမှာ ငှက်ကလေးက ပေါ့ပေါ့ပါးပါးပြောလေ၊ သူ့အတွက် အခက်အခဲကြီးဖြစ်လေ ဖြစ်နေသည်။ ငှက်ကလေးပြောသလိုဆိုလျှင် လေပြင်းတွေလည်း တိုက်ခတ်လာနိုင်သေးသည်ကို သတိထားမိလာသည်။ မြေပြင်မှာ လေပြင်းတိုက်လျှင် ပိုးဖလံလေးတို့မှာ လေကွယ်

mgyoe.com

mgyoe.com


ရာတွင်းထဲကို ပြေးကာခိုကြရသည်။

"မင်းရဲ့စိတ်ဝင်စားမှုကိုတော့ ငါ နားလည်ပေးလို့ ရပါတယ်.. ဒါပေမဲ့ မင်းကိုယ်မင်း မမေ့နဲ့ ပိုးဖလံ.. မင်းဟာ ပိုးဖလံလေးတစ်ကောင်.. တောင်ပံလေးရလိုက်တာနဲ့ ငှက်ဖြစ်သွားတာ မဟုတ်ဘူး.. မင်းက ငှက်နဲ့ လိုက်တုနေတာကို.. မင်းပဲ ဒုက္ခရောက်လိမ့်မယ်"

ဒုတိယအသံ ပျောက်နေသည်မှာ အတော်ကြာသွားပြီဖြစ်၍ ပိုးဖလံလေးကိုယ်တိုင်ပင်လျှင် ဒုတိယအသံကို မေ့နေခဲ့သည်။ ယခု သတိပေးလိုက်တော့မှ ပိုးဖလံလေး သတိရသွားသည်။ ပိုးဖလံလေး ကိုယ့်နေရာကိုယ်ပြန်ဖို့ အချိန်မီ ဆုံးဖြတ်လိုက်နိုင်ခဲ့သည်။ ညမီးအလှ ကြည့်ဖို့ စိတ်စောနေကြသော ပိုးဖလံတွေကိုကြည့်ပြီး တောင်ပံရောဂါ ထခဲ့သော သူ့အဖြစ်ကို သတိရသွားခြင်းဖြစ်ရာ ငှက်ကလေးသည် ငှက်ကလေးသာဖြစ်ပြီး ပိုးဖလံက ပိုးဖလံသာဖြစ်ကြောင်းကိုလည်း သေချာ သဘောပေါက်သွားသည်။

❖

mgyoe.com

mgyoe.com

## အသွင်ကွဲပိုးဖလံ (၄)

"မင်း.. ငှက်တစ်ကောင်နဲ့အတူ အပျံကျင့်ခဲ့တယ်ဆို.. ဟုတ်လား ပိုးဖလံ"

အဖေက ပိုးဖလံကို စိတ်ဆိုးမာန်ဆိုးဖြင့် မေးလာသောအခါ ပိုးဖလံမှာ မျက်လုံးပြူးသွားရသည်။ ပိုးဖလံက ငှက်ကလေးနှင့်သူ လေဟုန်စီး လေ့ကျင့်ခဲ့သည်များကို ပိုးဖလံလေးတွေကို ပြောပြခဲ့သည်။ မီးအလှကြည့်သည်ကိုသာ အာရုံရောက်နေကြသော ပိုးဖလံတွေကို အခြားစိတ်ဝင်စားစရာ တောင်ပံအသုံးချနည်းတွေ ရှိသေးကြောင်း ပြောလို၍ သူက ပြောပြခဲ့ခြင်းဖြစ်သော်လည်း ပိုးဖလံပြောစကားတွေမှာ ပိုးဖလံလောကထဲတွင် အတော်ကလေး ပျံ့နှံ့သွားပုံရသည်။ ယခုတော့ ထိုသတင်းစကားက အဖေ့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့လေပြီ။

"အဲဒါ မင်းအာချောင်တာလေ.. အခုမင်းအဖေနဲ့ တွေ့ပြီမဟုတ်လား"

ဒုတိယအသံက ပိုးဖလံကို ပြောလိုက်သည်။

"အဖေနဲ့တွေ့တော့ ဘာဖြစ်လဲကွ"

mgyoe.com

mgyoe.com


"ဘာပြောတယ် ပိုးဖလံ.. မင်းက ငါ့ကို ဘာပြန်ပြောတာလဲ"

ဒုတိယအသံကို သူပြောလိုက်သောအသံက ကျယ်သွားသဖြင့် အဖေက သူ့ကို ပြန်ပြောသည်ဟုထင်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"အဖေ့ကိုပြောတာ မဟုတ်ဘူး အဖေ"

"ဘာကွ.. ငါနဲ့မင်း နှစ်ကောင်တည်းရှိတာ ငါ့မပြောလို့ မင်းက ဘယ်သူ့ကို ပြောတာလဲ"

ပိုးဖလံ ခေါင်းကုတ်လိုက်မိသည်။ ဒုတိယအသံကို ပြောသည်ဟု ပြောလိုက်ပြန်လျှင်လည်း အဖေက ပိုဒေါသထွက်လာဦးတော့မည်ကို ပိုးဖလံ သိသည်။

"ဟော့ကောင်.. ငါ မင်းကို မေးနေတယ်လေ.. မင်းငှက်တစ်ကောင်နဲ့ အပျံလေ့ကျင့်ခဲ့တယ်ဆိုတာ ဟုတ်လားလို့"

"ဟုတ်တယ် အဖေ.. ဘာဖြစ်လို့လဲ.. ကျွန်တော် လေဟုန်စီးတာကို တောင် လေ့ကျင့်ခဲ့သေးတယ်.. ဘယ်ကောင်ကမှ ကျွန်တော့်လို လေဟုန် စီးဖူးတာ မဟုတ်ဘူး"

"ဘာကွ.. မင်း ဘာတွေလုပ်နေတယ်ဆိုတာ မင်းသိရဲ့လား.. မင်းက မင်းကိုစားမယ့် အကောင်နဲ့အတူ နီးနီးကပ်ကပ် နေခဲ့တယ် ဟုတ်လား.. မင်း သေချင်နေပြီလား ပိုးဖလံ"

"ဗျာ.. ကျွန်တော့်ကိုစားမယ့်ကောင် ဟုတ်လား.. ငှက်ကလေးက ကျွန်တော့်ကို စားမယ်ဟုတ်လား အဖေ.. သူ ကျွန်တော့်ကို မစားပါဘူး.. သူနဲ့ ကျွန်တော် သူငယ်ချင်းဖြစ်ခဲ့ကြတာ"

"တိတ်စမ်း ပိုးဖလံ.. မင်း အစားမခံလိုက်ရတာ ကံကောင်းတယ်မှတ်.. ငှက်ဆိုတဲ့ကောင်တွေက ငါတို့ပိုးကောင်တွေကို သတ်ဖြတ်စားသောက်ကြတဲ့ ကောင်တွေကွ.. ငါတို့က သူတို့အစာ.. မင်းဒါကို နားမလည်ဘူးလား"

mgyoe.com

mgyoe.com



အဖေပြောလိုက်တော့မှ ပိုးဖလံ လန့်သွားသည်။ ငှက်ကလေးက သူ့ကို မစားလိုက်တာ ကံကောင်းသည်ဟု ဆိုရပေတော့မည်။ ငှက်ကလေးက သူ့ကိုဘာကြောင့် မစားလိုက်တာလဲ၊ သူ့ကိုစားစရာဟု မမြင်သောကြောင့်လားဟု သူ တွေးသည်။

"နောက်ကို မင်း ကြပ်ကြပ်သတိထား.. ငှက်တွေနဲ့ဝေးအောင်နေ.. ငှက်တွေရန်က လွတ်အောင်နေ.. မဟုတ်လို့ကတော့ မင်း အစားခံရပြီပဲ.. ကြားလား"

"ဟုတ် အဖေ"

ပိုးဖလံမှာ အဖေပြောလိုက်တော့မှ ပို၍ကြောက်လာသည်။ သူ့ကို စားသောက်မည့်ရန်သူနှင့် သူ လက်ပွန်းတတီး နီးနီးကပ်ကပ်နေခဲ့သည်။ အတူတူ လေဟုန်စီးကျင့်ခဲ့ကြသည်။ ငှက်ကလေးကလည်း သူ့ကိုအစာအဖြစ်မြင်ပြီး မစားလိုက်ပေ။ သူ့ကိုတွေ့တွေ့ချင်း သူ့ထက်သေးသည့် ငှက်လည်း ရှိသေးပါလားဟု ငှက်ကလေးက ပြောတာကို သတိရသည်။ ပိုးဖလံက သူငှက်မဟုတ်ကြောင်း၊ ပိုးဖလံသာဖြစ်ကြောင်း ပြန်ပြောခဲ့သည့်တိုင် ငှက်ကလေးက ပိုးဖလံကို အစာအဖြစ် သတ်ဖြတ်စားသောက်မပစ်လိုက်တာကိုပင် ပိုးဖလံ နားမလည်နိုင်ဖြစ်ရသည်။

"မင်း သိပ်ကိုကံကောင်းတယ်လို့ မှတ်လိုက် ပိုးဖလံ.. ငှက်ကလေးက မင်းကို မြင်မြင်ချင်း စားသာက်ပစ်လိုက်လို့ရတာကို မစားလိုက်တာ ဘာကြောင့်လဲသိလား"

ပိုးဖလံ မတွေးတာကို တွေးပြီးပြောလာသော အသံကြောင့် ပိုးဖလံ ရုတ်တရက်လန့်သွားသည်။ ထိုအသံက သူနှင့်စကားပြောနေကျ ဒုတိယအသံ မဟုတ်တာကိုလည်း သတိထားမိသည်။ ယခုအသံက သူ့ကို အုပ်မိုးကာ အပေါ်စီးကနေ ပြောနေသောအသံ ဖြစ်သည်။ သူ့ကိုအကြံပြု သတိပေးလေ့ရှိသော ဒုတိယအသံ မဟုတ်သောကြောင့် လန့်ပြီး ဘေး

mgyoe.com

mgyoe.com



ဝဲယာကို လိုက်ကြည့်နေမိသည်။

"မင်း လိုက်ကြည့်မနေနဲ့ ပိုးဖလံ.. မင်းလိုက်ကြည့်လို့ ငါ့ကို မြင်ရမှာမဟုတ်ဘူး"

ပိုးဖလံ ကြက်သီးထလာသည်။ ထိုအသံက ဩဇာလည်း ရှိနေသည်။ ဒုတိယအသံကို သူသတိရပြီး လှမ်းမေးလိုက်သည်။

"ဟော့ကောင်.. မင်း ငါ့ကို မထိန်းချုပ်နိုင်လို့ တခြားတစ်ယောက်ကို ခေါ်လာတာလား"

တတိယအသံက သဘောကျစွာ ရယ်လိုက်သည်။ မင်းကောင်ကို ငါနဲ့ မိတ်ဆက်ပေးလိုက်စမ်းပါကွာဟု တတိယအသံက ပြောလိုက်သည်။

"ငါခေါ်လာတာ မဟုတ်ဘူးကွ.. ဒီပုဂ္ဂိုလ်က ငါ့လိုမဟုတ်ဘူး.. ငါက မင်းစိတ်ပွား.. ဒီပုဂ္ဂိုလ်က ငါ့ထက်အများကြီး အစွမ်းထက်တယ်.. မင်းတွေးတာ ကြံတာတွေကို ငါသိသလို သူလည်းသိတယ်..ဒါပေမဲ့ ငါကမင်းကို သတိပေးတာလောက်ပဲ လုပ်နိုင်တယ်.. ဒီပုဂ္ဂိုလ်ကကျတော့ မင်းကို အသိလည်းပေးနိုင်တယ်.. သတိလည်း ပေးနိုင်တယ်.. အကြံလည်း ပေးနိုင်တယ်"

"အမိန့်လည်း ပေးနိုင်တယ်"

ဒုတိယအသံနှင့်အတူ တတိယအသံက ဝင်ပြောလိုက်သည်။ ပိုးဖလံ နည်းနည်းတင်းသွားသည်။ ဘယ်လိုကောင်က သူ့ကို မဆီမဆိုင် အမိန့်လာပေးလို့ ရမလဲဟု စိတ်ထဲက ကြုံးဝါးလိုက်သည်။ တတိယအသံက သဘောကျစွာ အားပါးတရရယ်သည်။

"မင်းကို အမိန့်ပေးလို့ရမလားလို့ မင်းက တွေးတယ်ပေါ့.. ကြည့်ကြသေးတာပေါ့ ပိုးဖလံရယ်.. မင်းလိုက်မမိတဲ့ အကြောင်းတွေကို ငါ မပြောပြရင် မင်းဘယ်တော့မှ လိုက်လို့မီမှာ မဟုတ်ဘူး.. ငါကလည်း

mgyoe.com

mgyoe.com



မင်းကို အားအားယားယား လာပတ်သက်နေတာ မဟုတ်ဘူးကွ..ငါ့ ပတ်သက်မှုကို မင်းခံစားခွင့်ရတယ်ဆိုတာ မင်းသိပ်ကံကောင်းလို့ပဲ"

"ဘာကွ.. ငါက မင်းကို ဆရာတင်မယ်များ မှတ်နေသလား"

တတိယအသံက သဘောအကျကြီးကျကာ အားပါးတရ ရယ်နေလေတော့သည်။ သူ့ရယ်သံကို ကြားနေရသော ပိုးဖလံမှာ ပို၍ဒေါသထွက်လာရသည်။

"မင်းမှတ်ထား ပိုးဖလံ.. မင်းက အခြားပိုးဖလံတွေလိုပဲ မင်းဘဝကို စီးမျောသွားမယ်ဆိုရင် ငါလည်း လာပတ်သက်စရာမလိုဘူး.. လာစောင့်ရှောက်ပေးစရာ မလိုဘူး.. လာလမ်းညွှန်ပေးစရာ မလိုဘူး.. လာသတိပေးစရာ မလိုဘူး.. မင်းက အခြားပိုးဖလံတွေနဲ့မတူအောင် မင်းရဲ့ပိုးဖလံအသွင်သစ်ကို ဖန်တီးချင်တယ်.. ကြိုးပမ်းကြည့်နေတယ်.. အသွင်သစ်ကို စိတ်ကူးကြိုးစားသူတိုင်းကို ငါက ပတ်သက်နေရတယ်.. ငါက ဖန်တီးမှုရဲ့ အားအင်ဖြစ်နေလို့ပဲ"

"ဖန်တီးမှုရဲ့အားအင်.. ဟုတ်လား ၊ မင်းပြောတာတွေကို ငါနားမလည်ဘူး.. ငါက အသွင်သစ်နဲ့ ပိုးဖလံဖြစ်ဖို့ ကြိုးစားတာ ငါ့အစွမ်းအစနဲ့ ကြိုးစားမှာ.. ငါ့ကို ဘယ်သူကမှ လာကူပေးစရာမလိုဘူး.. လာကူပေးနိုင်မှာလဲ မဟုတ်ဘူး"

တတိယအသံက သဘောကျစွာ ရယ်လိုက်သည်။

"မင်းလို အသစ်ဖြစ်ချင်တဲ့ကောင်တွေမှာ အကြီးမားဆုံးပြဿနာက အဲဒါပဲ.. မင်းတို့က မင်းတို့ကိုယ်မင်းတို့ ယုံကြည်ကြတယ်.. ဒါမမှားဘူး..ဒါပေမဲ့ မင်းတို့ရဲ့အရည်အသွေးကို ဘယ်လိုအသုံးချရမယ် ဆိုတာကို မင်းတို့ တိတိကျကျမသိဘူး.. မင်းတို့ ကြိုးစားရင်ရတယ်လို့ပဲ ထင်တတ်ကြတယ်..လောကကြီးမှာ ကြိုးစားတိုင်းဖြစ်တယ်လို့ မင်း ထင်သလား..ကြိုးစားတဲ့နည်းလမ်း မှန်ကန်မှဖြစ်တယ်ဆိုတာကို သိထားရ

mgyoe.com

mgyoe.com


မယ်ကွ"

"မင်းပြောတာတွေ ငါနားမလည်ဘူး.. ငါသိတာက ငါဟာ ပိုးဖလံ တွေနောက်က လိုက်မယ့် ပိုးဖလံနောက်လိုက်တစ်ကောင် မဟုတ်ဘူး.. ပိုးဖလံတွေကို ပိုပြီး အဆင့်အတန်းမြင့်လာအောင် ရှေ့ဆောင်လမ်းပြ လုပ်မယ့် ပိုးဖလံ ဖြစ်စေရမယ်"

တတိယအသံက သဘောကျစွာ ရယ်လိုက်ပြန်သည်။ ဒုတိယ အသံကတော့ ငြိမ်နေသည်။ ပိုးဖလံနှင့် တတိယအသံကြားတွင် သူ ဝင်ရောက်ပြောနိုင်သည့် အဆင့်မရှိဟု ထင်မှတ်ထားလေသလား မသိ ပေ။

"ဒုတိယအသံ.. မင်းဘာလို့ ငြိမ်နေတာလဲ.. မင်းက ဒီကောင့်ကို ကြောက်နေတာလား"

ဒုတိယအသံက ရယ်သည်။ ပိုးဖလံမှာ သူတစ်ခုခုပြောလိုက်တိုင်း ရယ်ရယ်နေကြသော ဒုတိယအသံနှင့် တတိယအသံတို့ကို စိတ်ပေါက် လာသည်။ သူ့ကို ဝိုင်းလှောင်ပြောင်နေကြသလို ခံစားရသည်။

"မင်း ငါနဲ့အတူ နေလာတာကြာပြီ.. ငါက ဘယ်သူ့ကို ကြောက် ရမှာလဲ.. အကြောက်တရားဆိုတာ ငါနဲ့မပတ်သက်ဘူး.. ကြောက်စရာ လည်းမလိုဘူး ကြောက်စရာလည်း မရှိဘူးကွ.. မင်း ကြောက်နေတယ် ဆိုရင်တောင် မင်းနဲ့ မင်းအသိစိတ်နဲ့ ကြောက်နေတာ.. ငါက မင်းမသိ စိတ်ဆိုတော့ လိုက်ကြောက်စရာမလိုဘူး.. လိုက်မှတ်စရာပဲ လိုတာ.. မင်းက မင်းအကြောက်တရားကို မင်းရဲ့အသိစိတ်နဲ့ မတွဲဘဲ ငါနဲ့တွဲပြီး ကြောက်မယ်ဆိုရင်တော့ ငါ စဉ်းစားရမှာပေါ့"

"မင်းပြောတာ ငါသိပါတယ်ကွာ"

ပိုးဖလံက ဒုတိယအသံကို ငေါက်သလိုပြောလိုက်တော့ တတိယ အသံက သဘောကျစွာ ရယ်နေပြန်သည်။

mgyoe.com

mgyoe.com



"မင်းသိတာကသတ်သတ် မင်းမသိတာက သတ်သတ်ရှိတယ် ပိုးဖလံ.. မင်းမသိတာက မင်းရဲ့မသိစိတ်နဲ့ ကြောက်မယ်ဆိုရင် အသိစိတ်နဲ့ ကြောက်တဲ့ပုံစံနဲ့ မတူဘူး ဆိုတာပဲ.. မင်းမှမဟုတ်ပါဘူး.. အသိမြင့်မားတဲ့ လူတွေတောင် တစ်ခုခု စိတ်လှုပ်ရှားမှုဖြစ်ပြီဆိုရင် အသိစိတ်နဲ့ တိုက်ရိုက်ထိတွေ့ကြတာပဲ.. မသိစိတ်နဲ့ထိတွေ့ပြီး နှိုင်းချိန်ဖို့ မေ့နေတတ်ကြတယ်.. မသိစိတ်နဲ့ ပေါင်းလေ့ပေါင်းထမရှိတော့ ပေါင်းနေကျ အသိစိတ်နဲ့ပဲ စခန်းသွားနေကြတာပဲကွ"

"မင်းပြောတာတွေ ငါ သိပ်နားမလည်ဘူး.. မင်းပြောတာတွေက အသုံးဝင်လို့လား"

တတိယအသံက ပိုးဖလံကို အဖြေမပေးသေးဘဲ နေလိုက်သည်။ ပိုးဖလံက တတိယအသံဆီက လာမည့်စကားပြန်ကို စောင့်ငံ့နေသည်။

"ငါမေးတာ မင်းမဖြေနိုင်တော့ဘူး မဟုတ်လား"

"မင်းမေးတာကို ငါဖြေဖို့လိုလား မလိုလားဆိုတာ ငါစဉ်းစားနေတာ.. အသုံးဝင်လားဆိုတဲ့ မေးခွန်းကိုမေးတာထက် အသုံးဝင်လားဆိုတာ လက်တွေ့တွေးတော ဆင်ခြင်လေ့လာ လုပ်ကြည့်တတ်ဖို့လိုတယ်.. ဒီအလေ့အကျင့်က အသွင်သစ်သမားတွေရဲ့ အလေ့အကျင့်ပဲ"

ပိုးဖလံ စိတ်ညစ်လာသည်။ တတိယအသံက တစ်ခုခုကို ပြောလိုက်လေလေ သူနားမလည်တာတွေ ဖြစ်လေလေ ဖြစ်နေရသည်။ သူနားမလည်တာကို လိုက်စဉ်းစားနေလို့ကော အသုံးဝင်ပါ့မလားဟု တွေးနေမိသည်။ အသုံးဝင်ပါ့မလား မေးတာထက် အသုံးဝင်လားဆိုတာကို လက်တွေ့တွေးတော ဆင်ခြင်လေ့လာလုပ်ကြည့်တာကမှ အသွင်သစ်သမားတွေရဲ့ အလေ့အကျင့်ဟု အခုကလေးတင် တတိယအသံက ပြောထားတာကို သတိရသွားပြီး ငြိမ်သွားသည်။ ပိုးဖလံမှာ တတိယအသံကို စိတ်ဝင်စားသွားသည်။ သူ မတွေးတောတာတွေ၊ သူ မသိတာတွေကို

mgyoe.com

mgyoe.com


တတိယအသံဆီကနေ သူ ရရှိနိုင်သည်ဟု တွေးမိသည်။ တတိယအသံ ပြောသောစကားတွေကို သူ နားမလည်တာကိုလည်း သူ ကသိကအောင့် ဖြစ်လာသည်။

"ခင်ဗျားပြောတာတွေ ကျွန်တော်နားမလည်ဘူး.. ခင်ဗျား ပြောသလိုပဲ ကျွန်တော် နားမလည်တာတွေကို နားလည်အောင် ကြိုးစားရမယ်လို့ ထင်တယ်"

"ဟားဟား မင်း နည်းလမ်းပေါ်ကိုတော့ ရောက်လာပြီ.. နားမလည်ခြင်းနဲ့စာရင် နားလည်ခြင်းက ပိုပြီးအလုပ်ဖြစ်တယ်ဆိုတာ မင်းသိလာလိမ့်မယ်.. အခုပဲ မင်းကိုယ်တိုင် ငါ့ကို မင်းနဲ့ငါနဲ့ ပြောရာကနေ ခင်ဗျားနဲ့ကျွန်တော် ဖြစ်လာပြီမဟုတ်လား"

ပိုးဖလံ ငြိမ်နေလိုက်သည်။ အသွင်သစ်ပိုးဖလံ ဖြစ်ချင်လျှင် အသွင်ဟောင်းက အတွေးအခေါ် အပြောအဆိုတွေလောက်နှင့် ဖြစ်နိုင်မည်မဟုတ်ဟု တွေးသည်။ မင်းတွေးတာ မဆိုးဘူး၊ မသစ်ဘဲနဲ့ အသစ်မဖြစ်နိုင်ဘူး ပိုးဖလံဟု တတိယအသံက ပြောလိုက်တော့ သူ ဘာတွေးတွေးသိနေသည့် တတိယအသံရှေ့တွင် ဘာမျှကွယ်ဝှက်ထား၍ ရမည်မဟုတ်ကြောင်း ပိုးဖလံ သိသွားသည်။

"မင်းတွေးတာမှန်တယ် ပိုးဖလံ.. ငါ့ကို မင်းဘာတစ်ခုမှ လျှို့ဝှက်ထားလို့မရဘူး"

ပိုးဖလံက တတိယအသံရှင်ကို တွေ့လိုတွေ့ငြား လိုက်ရှာကြည့်လိုက်မိသည်။ ရယ်သံနှစ်သံကို တိုးတိုးသက်သက် ကြားလိုက်ရသည်။

❖

mgyoe.com

mgyoe.com

# အသွင်ကွဲပိုးဖလံ (၅)

"ပိုးဖလံတော့ ပိုးဖလံပဲ.. ဒါပေမဲ့ ငါက ကွဲပြားတဲ့ပိုးဖလံတစ်ကောင် ဖြစ်ရမယ်"

မနက်ပိုင်း အစာရှာထွက်ကြဖို့ ပိုးဖလံတွေ တွင်းထဲကထွက်လာ ချိန်မှာ ပိုးဖလံက စိတ်ထဲကနေ ကြုံးဝါးလိုက်သည်။ အခြားသော ပိုးဖလံ တွေနှင့် မတူအောင်ဆိုလျှင် အခြားပိုးဖလံတွေ လုပ်နေကျတွေကို လိုက် မလုပ်ဘဲ အသစ်တွေကို စဉ်းစားရမည်ဟု ပိုးဖလံကတွေးသည်။ ယခုပင် လျှင် ပိုးဖလံတို့ အစာရှာစားဖို့ ထွက်လာကြသည်။ ပိုးဖလံတို့မှာ တစ်နေ့ စာတစ်နေ့ ရှာဖွေစားသောက်ရင်း ဘဝကို ဖြတ်သန်းနေကြခြင်းဖြစ်ပြီး အစာရေစာမဝမချင်း လိုက်လံရှာဖွေ စားသောက်ကြရသည်။ ကိုယ့် တစ်ဝမ်းပြည့်သွားသည်နှင့် နားကြသည်။ ပုရွက်ဆိတ်တွေကတော့ စား သောက်ပြီးလျှင် သိုလှောင်ထားရန်အတွက် သယ်ဆောင်စုဆောင်းကြ သည်။ ရာသီဥတုအခြေအနေ မကောင်းလျှင် သူတို့က သူတို့စုဆောင်း သိုလှောင်ထားတာတွေကို စားသောက်ပြီး အစာရှာထွက်ခြင်းကို နားထားကြသည်။

mgyoe.com

mgyoe.com


ပုရွက်ဆိတ်တွေလို အစာသိုလှောင်တာကို လုပ်ရုံဖြင့် အသွင်ကွဲပြားသော ပိုးဖလံတစ်ကောင် ဖြစ်လာသည်ဟု မပြောနိုင်၊ ပုရွက်ဆိတ်ကိုတုသော ပိုးဖလံတစ်ကောင်သာ ဖြစ်ပေလိမ့်မည်ဟု ပိုးဖလံက တွေးသည်။ အစာရှာဖွေစားသောက်ပြီး၍ အားလပ်သွားသော အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်ရတာကို ပြောင်းလဲရမည်ဟု ပိုးဖလံက တွေးသည်။

ဘာကိုဘယ်လို ပြောင်းလဲရမလဲ။ တောင်ပံရှိစဉ်ကတော့ တောင်ပံကို အကျိုးရှိရှိ အသုံးချကြည့်ဖို့ သူ ကြိုးစားခဲ့သည်။ ကိုယ့်ကို သတ်ဖြတ်စားသောက်တတ်သော ငှက်ကလေးနှင့် နီးနီးကပ်ကပ်နေကာ ကိုယ့်အန္တရာယ်ကို ကိုယ်ဖိတ်ခေါ်နေသော အလုပ်ကို သူ လုပ်ခဲ့သည်။

“မင်း သိပ်ကံကောင်းခဲ့တာပဲ ပိုးဖလံ.. အဲဒီငှက်ကလေးကလည်း အပျံသင် လေ့ကျင့်နေတဲ့အချိန် သူပျံတတ်တာကို သဘောကျနေချိန်ဖြစ်လို့ မင်းကိုစားဖို့ သူ မေ့သွားတာ.. စားဖို့သောက်ဖို့ မေ့နေတဲ့အချိန်ဆိုတာရှိတယ်.. အဲဒီအချိန် မင်းနဲ့ငှက်ကလေးဆုံရတာ.. နောက်တစ်ကြိမ်ဆိုရင် မင်းကို မစားဘူးလို့ ပြောလို့မရဘူး.. အကောင်းဆုံးကတော့ ကိုယ့်ကို ရန်ပြုသတ်ဖြတ်မယ့်သူနဲ့ မပေါင်းသင်းဘဲ ဝေးဝေးနေတာပဲ”

တတိယအသံပေါ်လာတော့ ပိုးဖလံ ဝမ်းသာသွားသည်။ ကိုယ့်အစာ ကိုယ်ရှာစားရသော ပိုးဖလံမှာ ကိုယ်တစ်ဝမ်းစာပြည့်ဖို့ သိပ်အားစိုက်ထုတ်စရာ မလိုပေ။ ငယ်ရွယ်သန်မာတုန်း ဖြစ်သဖြင့် သွားလာပြေးလွှားတာကိုလည်း ကောင်းကောင်းလုပ်နိုင်နေသည်။ အစာရှာစားပြီးလို့ ပိုနေသောအချိန်တွေမှာ အခြားပိုးဖလံတွေနှင့် မတူသော အလုပ်တွေကို သူ လုပ်ကြည့်ချင်နေသည်။

“မင်းက အခြားပိုးဖလံတွေနဲ့ မတူချင်ဘူး ဟုတ်လား.. အခြားပိုးဖလံတွေနဲ့ မတူအောင် အခြားပိုးဖလံတွေ လုပ်နေတာတွေကို မင်း

mgyoe.com

mgyoe.com


မလုပ်ဘူးဆိုတာလောက်နဲ့ ဘာထူးခြားတာရှိလို့လဲ.. မင်းက အခြား ပိုးဖလံတွေနဲ့ မတူဘူးဆိုရင် အခြားပိုးဖလံနဲ့မတူတဲ့ ပိုးဖလံတစ်ကောင်ပဲ ဖြစ်မှာပဲလေ"

"ဒါဆိုရင် ဘာလုပ်ရမှာလဲ.. ဘာလုပ်ရမယ်ဆိုတာ ကျွန်တော့်ကို အကြံပြုဦးလေ"

"မင်းက အဆင်သင့် လိုချင်နေတာကိုး.. အဆင်သင့် လိုချင်တယ် ဆိုတာ သမားရိုးကျတွေပါကွာ.. ရှာစမ်းပါ.. ရှာဖွေခြင်းကသာ မင်းကို တွေ့ရှိစေမယ်.. ပျောက်နေတာကို ပြန်ရှာတာက ရှာဖွေတာ.. နဂို ကတည်းက ရှာဖွေရမယ့်အရာ ရှိနေပြီးသား.. ပျောက်နေတာမဟုတ်ဘဲ အသစ်တွေ့အောင် ရှာတာကမှ ရှာဖွေခြင်းအသစ်ဖြစ်မှာပေါ့"

"ခင်ဗျား စကားပြောလိုက်ရင် ကျွန်တော် နားမလည်တာတွေချည်း ပဲ.. ဘာရှာဖွေရမှန်း မသိလို့ ခင်ဗျားကို အကူအညီတောင်းနေတာလေဗျာ"

တတိယအသံက သဘောကျစွာရယ်သည်။ ပိုးဖလံက စိတ်ရှုပ် သွားသည်။ အခြားသော ပိုးဖလံတွေနှင့်မတူသော အသွင်သစ် ပိုးဖလံ တစ်ကောင် ဖြစ်ချင်သော ပိုးဖလံမှာ ဘယ်အရာက အသွင်သစ်ဖြစ်စေမှာ လည်း ဆိုတာကို မသိဖြစ်နေသည်။ တတိယအသံက ဘာတွေရှာဖွေ ရမလဲ ဆိုတာက မင်းကိုယ်တိုင်ရဲ့ ဆုံးဖြတ်ချက်၊ ရည်ရွယ်ချက်ပဲကွဟု ပြောလိုက်သည်။

"မင်း ဘာဖြစ်ချင်လဲဆိုတဲ့ ရည်ရွယ်ချက်ရှိရမယ်.. ပြီးရင် ဘယ်လို လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိရမယ်.. ပြီးရင် ဆုံးဖြတ်ချက်အတိုင်း ရည်ရွယ်တဲ့ပန်းတိုင် အရောက်ကြိုးစားပေတော့"

ပိုးဖလံ ပို၍စိတ်ညစ်လာသည်။ တတိယအသံပေးနေသည့် အကြံ တွေက ဘာကိုဘယ်လို လက်တွေ့လုပ်ရမလဲဆိုတာ မပါ။ အခြားသော ပိုးဖလံများနှင့်မတူသော ပိုးဖလံတစ်ကောင် ဖြစ်ရေးသည် သူ၏ရည်ရွယ်

mgyoe.com

mgyoe.com


ချက်ပင် ဖြစ်သည်။

"အေး အဲဒါက မင်း ရည်ရွယ်ချက်ဆိုရင် အဲဒီလိုဖြစ်အောင် လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်တော့.. ဆုံးဖြတ်ချက်ချတယ် ဆိုတာ အကောင်အထည်ဖော်ဖို့နော်.. ဆုံးဖြတ်ချက်ချပြီး ဘာမှဆက် မလုပ်ရင်တော့ အလကားပဲ"

"ကျွန်တော် ဆုံးဖြတ်ချက် ချထားပြီးပြီဆိုတာ ခင်ဗျားသိပါတယ်.. ခင်ဗျားက ကျွန်တော်တွေးနေတာတွေ စိတ်ကူးနေတာတွေကိုတောင် သိနေတာမဟုတ်လား"

"သာမန်သူလို ကိုယ်လို ပိုးဖလံတစ်ကောင်အဖြစ်နဲ့ ပုံသေမသွား ချင်တဲ့ မင်းစိတ်သဘောကိုတော့ အားပေးပါတယ်.. ပုံသေမသွားဘဲ ရှင်သန်ချင်တဲ့မင်းက ရည်ရွယ်ချက်လည်းရှိပြီး ဆုံးဖြတ်ချက်လည်း ချထားပါလျက် ဘာဆက်လုပ်ရမှန်းမသိတာ ခွကျတာပေါ့ကွာ.. ဘာ လုပ်ရမှန်းမသိရင် အသစ်ပုံစံနဲ့ ရှင်သန်ချင်တဲ့မင်းက ဘာလုပ်ရမယ် ဆိုတာသိအောင် မင်းပတ်ဝန်းကျင်ကို ကျယ်ကျယ်ကြည့် မင်းကိုယ်မင်း နက်နက်နဲနဲကြည့်ပေါ့.. ဒါဆိုရင် မင်းဘာလုပ်ရမလဲဆိုတာ ပေါ်လာလိမ့် မယ်"

ပိုးဖလံ စိတ်ညစ်သထက်ညစ်လာပြီး ခေါင်းကို တွင်တွင်ခါနေ တော့သည်။

"ကျွန်တော် နားမလည်နိုင်တာတွေ ပြောမနေဘဲ လက်တွေ့ လေ့ကျင့်ပေးလို့ မရဘူးလားဗျာ.. ကျွန်တော်က အသစ်ဖြစ်ချင်ပေမဲ့ အသစ်ကို မရှာတတ်ဘူးလေ"

တတိယအသံက ကောင်းပြီလေ၊ မင်းကို အလွယ်ကူဆုံးတစ်ခု ပြောပြပေးမယ်ဟု ပြောလိုက်သည်။ ပိုးဖလံ စိတ်ဓာတ်တက်ကြွသွား သည်။

mgyoe.com

mgyoe.com


" မင်းအခု ဝမ်းစာဖြည့်ဖို့ ထွက်လာတာမဟုတ်ဘူးလား"

"ဟုတ်တယ်လေဗျာ"

"မင်းနေ့တိုင်းပဲ ဝမ်းစာဖြည့်ဖို့ စားစရာရှာထွက်ရတယ်.. အလွယ်တကူ တွေ့တဲ့အခါတွေ ရှိသလို ခက်ခက်ခဲခဲရှာရတဲ့အခါ ရှိတယ်မဟုတ်လား"

"ရှိတာပေါ့ဗျ.. ဒါကထုံးစံပဲဟာ ဘာတွေများ အသစ်အဆန်းရှိလို့လဲ"

"အေး အသစ်အဆန်းမရှိဘူး.. မင်းလုပ်နေကျပုံစံပဲ.. မင်းတို့ပိုးဖလံတွေ လုပ်နေကျပုံစံပဲ.. မင်းမှာ စားစရာအဆင်သင့်မရှိလို့ ထွက်ရှာရတယ်.. ဒါက မင်းလုပ်ရမယ့်ဟာ ဘာလဲဆိုတာ အဆင်သင့်မရှိလို့ထွက်ရှာရမှာနဲ့ အတူတူပဲ"

"ဒါပေမဲ့ ကျွန်တော် စားစရာရှာတာက ရှာမယ့်အကြောင်း ရှိတယ်လေ.. အသွင်သစ်အတွက် ကျွန်တော့်ရည်ရွယ်ချက် အရောက်သွားဖို့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်မယ့် နည်းလမ်းက မရှိဘူးလေ"

"မင်းရည်ရွယ်ချက်က စားစရာရပြီး စားရဖို့.. မင်းဆုံးဖြတ်ချက်က စားစရာတွေ့အောင်ရှာဖို့.. အခုလည်း မင်းဆုံးဖြတ်ထားတဲ့အတိုင်းသွားဖို့လမ်း ရှာရမယ်လေ.. စားစရာတွေရှာသလိုပဲ မင်းပတ်ဝန်းကျင်ကိုကျယ်ကျယ်ပြန့်ပြန့် ကြည့်ရမယ်.. ပြီးရင် မင်းစိတ်ထဲကိုထည့်ပြီး စဉ်းစားဆင်ခြင်ရမယ်.. မင်းဘာလုပ်ရမယ်ဆိုတာ ပေါ်လာမှာပဲ.. မင်းမြင်တွေ့နေကျ မြင်ကွင်းတွေကို မင်းကြည့်နေကျနဲ့မတူတဲ့ အကြည့်နဲ့ကြည့်ရမယ်"

ပိုးဖလံ နည်းနည်းတွေသွားသည်။ လုပ်နေကျအလုပ်၊ မြင်နေကျအမြင်၊ တွေးနေကျအတွေးနှင့် မတူသောအသစ်ကို ရှာဖွေလုပ်ကိုင်မြင်တွေးကြည့်ရမည်ဟု မှတ်သားထားလိုက်သည်။ ယခုတစ်ခေါက်

mgyoe.com

mgyoe.com


အစာရှာထွက်လျှင် အစာကို ပြူးပြဲရှာတာတင်မကဘဲ အခြားကြည့်စရာတွေကို ကြည့်ပြီး လေ့လာကြည့်မည်ဟု ပိုင်းဖြတ်လိုက်သည်။

"မင်း ပိုင်းဖြတ်လိုက်တာ မှန်တယ်.. ဒါမင်းသွားချင်တဲ့ အသစ်လမ်းအတွက် အစပဲလို့ မင်းခေါင်းထဲ ထည့်ထားလိုက်တော့.. မင်းရှင်သန်ချင်ရင် ရှင်သန်ချင်တဲ့ မင်းစိတ်အတိုင်းဖြစ်အောင် ကြိုးစားလုပ်ရမှာပေါ့ကွာ"

တတိယအသံက ပြောလိုက်သည်။ ပိုးဖလံစဉ်းစားလိုက်ပြီး အစာရှာခရီးကို စတင်လိုက်သည်။ သူသွားရာလမ်းကြောင်းတွင် တွေ့သောအရာတွေကို ခါတိုင်းအခေါက်တွေထက်ပို၍ အာရုံစိုက် လေ့လာလိုက်သည်။ သူတို့ပိုးကောင်လေးတွေ အစာရှာရာတွင် အန္တရာယ်တွေအလွန်များသည်။ ငှက်တွေက သူတို့ကို စားသောက်လေ့ရှိသော်လည်း ပျံတတ်သောငှက်ထက် ပျံတတ်သော်လည်း လေထဲမှာ ကျင်လည်ကျက်စားခြင်းမရှိဘဲ မြေပေါ်မှာကျက်စားသော ကြက်တွေကို ပိုသတိထားရသည်။ ငှက်က ထိုးသုတ်ဖမ်းယူတတ်သော်လည်း ပိုးဖလံတို့လို ပိုးကောင်သေးသေးလေးတွေကို ထိုးသုတ်လျှင် သူတို့ နှုတ်သီးတွေ အနာတရဖြစ်ဖို့ပဲရှိသည်။

"တွေ့လား.. မင်းအခုပဲ ကြက်နဲ့ငှက် ကွာခြားတာကို တွေးနေပြီ.. ကြက်တွေက မင်းတို့ကို စားသောက်ဖို့လိုက်ရှာတယ်.. မင်းတို့က မြေကြီးထဲ.. ရွက်ခြောက်ကြိုကြားပုန်းတယ်.. ဒါပေမဲ့ ကြက်တွေက မင်းတို့ကို ယက်ပြီးရှာတယ်.. စားသောက်တယ်.. ဒါကြောင့် မင်းသူတို့မတွေ့အောင် ဂရုစိုက်ရတယ်"

"ဒါကလည်း အသစ်မဟုတ်ပါဘူးဗျာ"

"မင်း သတိထားမိတာကိုပြောတာ.. မင်းသတိထားမိတော့ တွေ့တယ်.. အပြင်လောကမှာ တွေ့တာကို မင်းရဲ့ အတွင်းလောကထဲထည့်

mgyoe.com

mgyoe.com



ပြီး နက်နက်နဲနဲ စဉ်းစားကြည့်..နည်းလမ်းပေါင်းများစွာနဲ့ စဉ်းစားကြည့်"

"ဥပမာလေးတော့ ပေးပါဦးဗျာ.. ကျွန်တော်က အတွေ့အကြုံမှ မရှိသေးတာ"

တတိယအသံဆီက အသံထွက်မလာဘဲ အကြာကြီးငြိမ်သွားသည်။ ပိုးဖလံက ထပ်ကာထပ်ကာ မေးနေသော်လည်း အသံထွက်မလာတော့ စိတ်ညစ်သွားသည်။

"ဒါက မတရားမှုကြီးပဲဗျ.. ခင်ဗျားက ကျွန်တော့်အကြောင်း အကုန်သိတယ်.. ကျွန်တော့်အတွေး အကုန်သိတယ်.. ခင်ဗျားစကားပြောချင်ရင် ကျွန်တော့်ကို အချိန်မရွေး ပြောလို့ရတယ်.. ကျွန်တော်တွေ့ချင်တော့ ခင်ဗျားကို တွေ့လို့မရဘူး.. ကျွန်တော် စကားပြောချင်တော့ ခင်ဗျားကို ပြောလို့ရပေမဲ့ ခင်ဗျားဆီက မတုံ့ပြန်တော့ ဘာမှန်း ကျွန်တော် မသိရဘူး..ကျွန်တော့်ဘက်က နစ်နာတယ်..မတရားဘူး"

"မတရားဘူးလို့ မင်းထင်ရင် မတရားတဲ့ ဒီအခြေအနေကို မင်း အားမကိုးနဲ့လေ.. မင်းပြောတဲ့ စကားထဲကနေ မင်းအတွင်းလောကထဲ ခေါ်ထည့် တွေးကြည့်လိုက်တော့ ငါပြောတဲ့ မတရားရင် အားမကိုးနဲ့ ဆိုတဲ့အတွေး မင်း မရဘူးလား"

ဖိုးဖလံအသံတိတ်သွားသည်။ တတိယအသံပြောတာ ဟုတ်သားပဲ ဟု သူ ဆင်ခြင်မိသွားသည်။ လောကအပြင်ကနေ မင်း အတွင်းလောကထဲ ဆွဲထည့်ပြီး နက်နက်နဲနဲတွေးဆိုတာ ဒါကိုပြောတာပဲ.. မင်းပတ်ဝန်းကျင်ကို သတိထားတာ၊ လေ့လာတာ၊ ဆင်ခြင်ကြည့်တာဟာ သတိကို အသိကပ်ပြီး အသိကို အမြင်အဖြစ် တိုးတက်အောင် စုပ်ယူသွားရမယ်ဟု တတိယအသံက ပြောလိုက်သည်။ ပိုးဖလံခေါင်းထဲတွင် ရှုပ်ထွေးသွားသော်လည်း ခါတိုင်းလို စိတ်ညစ်သွားခြင်းမရှိတာကို ပိုးဖလံကိုယ်တိုင် သတိထားမိလိုက်သည်။

mgyoe.com